# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

နေမင်းသည် နေ့၌တောက်ပ၏။
လဝန်းသည် ညဥ့်၌ထွန်းလင်း၏။
မင်းသည် ချပ်ဝတ်တန်ဆာဆင်
သော်တောက်ပ၏။ ဗြာဟ္မဏသည်
ဈာန်ဝင်စားသော် တောက်ပ၏။
ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး
တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


- www.myawady.net.mm
- E-mail:mwddailynewspapergroup@gmail.com
- အတွဲ(၁၆)၊ အမှတ်(၁၄၄)
- ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ ဗုဒ္ဓဟူးနေ့


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သွားရောက်မည်

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် ကမ္ဘောဒီးယားနိုင်ငံ၏ အထက်လွှတ်တော်ဥက္ကဋ္ဌ(ယာယီ နိုင်ငံတော်အကြီးအကဲ)နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံရှိ အထင်ကရနေရာများနှင့် ရှေးဟောင်းဘုရားများကို လေ့လာဖူးမြော်သွားမည်ဖြစ်သည်။

ခရီးစဉ်အတွင်း မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့်ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်ကိစ္စများ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်တွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားမည်ဖြစ်သည်။

မြဝတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်ပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ် (သိပ္ပံဘာသာတွဲ)မှ မောင်စိုင်းသူထွေးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၈**

၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် Naypyitaw State Academy၊ ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ခင်းကျင်းပြသထားသောပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပ ပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊


**စာမျက်နှာ ၁၅ ကော်လံ ၁ ☆**


**ယနေ့ဖတ်စရာ**

**မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ Shanghai University Medical School မှ နှလုံးနှင့်သွေးကြောခွဲစိတ်ပါမောက္ခ Professor Feng Wan တို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ ပူးပေါင်းဆောင်ရွက်**


စာ - ၅ သို့


**ကျန်းမာသော မြေဆီလွှာမှသည် ရေရှည်တည်တံ့မည့် စိုက်ပျိုးရေးဆီသို့**


ဆောင်းပါး စာ - ၁၃ သို့


## IIMM ဆိုသည့် ယန္တရားနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ရပ်တည်ချက်

ဂျီနီဗာမြို့တွင် ၇-၉-၂၀၂၆ ရက်မှ ၉-၁၀-၂၀၂၆ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် လူ့အခွင့်အရေးကောင်စီ၏ (၆၃)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာနှင့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ဆိုသည့် အဖွဲ့၏အစီရင်ခံစာတို့အပေါ် ပေါင်းစပ်အပြန်အလှန်ဆွေးနွေးမှုကို စက်တင်ဘာလ ၇ ရက်တွင် ပြုလုပ်ခဲ့သည်။


**စာမျက်နှာ ၇ ကော်လံ ၁ →**

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၉ ရက်

# ကမ္ဘာမြေနှင့်လူသားများသာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့

နိုင်ငံတိုင်း၊ လူသားတိုင်းအတွက် စာတတ်မြောက်ရေးသည် မဖြစ်မနေလိုအပ်သည့်အရာဖြစ်သည်။ စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏မွေးရာပါအခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ် လိုအပ်သည့်အဓိကသော့ချက်တစ်ခုလည်းဖြစ်သည်။ လူသားတစ်ယောက်အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာများနှင့် ဘဝကိုရှင်သန်ဖြတ်သန်းနိုင်မည်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများ ဆက်လက်ဆည်းပူးပြီး မှန်ကန်သည့် ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

စာတတ်မြောက်ရေးကို နိုင်ငံတိုင်းက အလေးထားဆောင်ရွက်ကြရမည်ဖြစ်၍ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ်သတ်မှတ်ခဲ့သည်။ နှစ်စဉ် အထိမ်းအမှတ်နေ့ဆောင်ပုဒ်များသတ်မှတ်ပေးထားရာ ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"ကမ္ဘာမြေနှင့်လူသားများသာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့" "Literacy for people, the planet, and prosperity"**ဖြစ်သည်။ ဆောင်ပုဒ်အရ လူသားတစ်ဦးချင်းစီ၏ စာတတ်မြောက်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်သာမက ကမ္ဘာကြီးတစ်ခုလုံး၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းဆောင်ပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၈ ရက်က ကျင်းပသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနား၌ အမှာစကားပြောကြားစဉ် **"'လူတိုင်းအတွက်ပညာရေး'ဆိုသည့်အတိုင်း ကျေးလက်ဒေသနှင့်အစွန်အဖျားဒေသများပါမကျန် ပြည်သူအားလုံးစာတတ်မြောက်ရန် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိအောင် ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာရှင်များနှင့် မိဘပြည်သူအားလုံးက လက်တွဲညီညီဖြင့် ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်မြောက်ခြင်းမှတစ်ဆင့် မိမိတို့အားလုံးမျှော်မှန်းထားသော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ဆီသို့ အတူတကွချီတက်ကြပါစို့"**ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးကြိုးပမ်းလှုပ်ရှားမှုနှင့် ပတ်သက်၍ ကောင်းသတင်းထင်ရှားသည့်နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်ပြည်သူတစ်ရပ်လုံးအင်တိုက်အားတိုက်ဆောင်ရွက်ခဲ့မှုများကြောင့် ၁၉၇၁ ခုနှစ်တွင် ယူနက်စကို၏ **"မိုဟာမက်ရီဇာပါလာဗီဆု"** နှင့် ၁၉၈၃ ခုနှစ်တွင် **"နိုမာဆု"**တို့ရရှိခဲ့သည်။ ကမ္ဘာ့အလယ်တွင် မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုကို လေးစားစွာအသိအမှတ်ပြုခြင်းခံခဲ့ရခြင်းဖြစ်သဖြင့် မြန်မာနိုင်ငံအတွက် ဂုဏ်ယူရမည့်သမိုင်းမှတ်တိုင်များဖြစ်သကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းနိုးဆော်နေခြင်းလည်းဖြစ်သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသင်ပညာရေး (Formal Education)သာမက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပပညာရေး(Non-Formal Education) ဆိုသည့် တန်းညှိပညာရေးအစီအစဉ်များကိုပါ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေရာ **"ကမ္ဘာမြေနှင့်လူသားများသာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"**ဟူ၍ တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**သတင်း (FM) အသံလွှင့်အစီအစဉ်**
၉-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ဝ၉:ဝဝ | Market News |
| ၂။ | ၁၁:၅ဝ | နှယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:ဝဝ | ပြည်သူကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅ဝ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄ဝ | ချောက်ချောက်ချားချားဖြစ်ရပ်များ |


မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
စာတည်းအဖွဲ့ ဝ၆၇-၃၄၉၉၉၈၊ ဖက်စ် ဝ၆၇-၃၄၉၉၉၆/ဝ၆၇-၃ဝ၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ဝ၆၇-၃၄၀ဝ၆၊ ဝ၆၇-၃၄ဝဝ၈၊
ဘုရင့်နောင်ရိပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ဝ၁-၃၄၀၂၂၁၊ ဖြန့်ချိရေး ဝ၁-၅၀ဝ၆၉၇၊
ကြော်ငြာ ဝ၁-၃၄၀၂၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ဝ၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃ဝ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
တာဝန်ခံ ဝ၉-၄၄၄၄၁၈၆၉၁၊ ဝ၈၄-၃၁၆ဝ၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ဝဝ၃၇၈/ဝဝ၄၄၄
စတင်ထုတ်ဝေသည့်ရက် – ၂ဝ၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# မြိတ်တက္ကသိုလ်နှင့် တရုတ်နိုင်ငံ ရှမန်မြို့ရှိ တတိယအဏ္ဏဝါတက္ကသိုလ်တို့ကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး




**မြိတ် စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ တက္ကသိုလ်ရပ်ကွက် နတ်စင်လမ်းရှိ မြိတ်တက္ကသိုလ် ပင်မဆောင် ပုလဲသစ္စာခန်းမ၌ မြိတ်တက္ကသိုလ်နှင့် တရုတ်နိုင်ငံ ရှမန်မြို့ရှိ တတိယအဏ္ဏဝါတက္ကသိုလ်တို့ကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို စက်တင်ဘာလ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းအိနှင့် တတိယအဏ္ဏဝါတက္ကသိုလ်ညွှန်ကြားရေးမှူးချုပ် Dr.Zhang Haifeng တို့က အမှာစကားအသီးသီးပြောကြားကြပြီး တတိယအဏ္ဏဝါတက္ကသိုလ်၏ သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ မိတ်ဆက်ဗီဒီယိုဖိုင်ပြသခဲ့ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် တတိယအဏ္ဏဝါတက္ကသိုလ်ညွှန်ကြားရေးမှူးချုပ်တို့က သုတေသနလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ပင်လယ်နှင့် ကမ်းရိုးတန်းဆိုင်ရာ သယံဇာတများ ရေရှည်တည်တံ့ပြီး ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုစေရန်နှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့် ဆက်စပ်သော သတင်းအချက်အလက်များ သိရှိနိုင်ရန်အတွက် ပင်လယ်ရေအရည်အသွေးတိုင်းတာရေးနှင့် ပင်လယ်ပြင်တိုင်းတာရေး သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ငှက်ပျောမျှင်မှထုတ်လုပ်ရရှိသည့် လူသုံးကုန်ပစ္စည်းများကို ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန်စီစဉ်




**ရန်ကုန် စက်တင်ဘာ ၈**

ငှက်ပျောပင်မှ ငှက်ပျောခိုင်ခုတ်ယူပြီး ကျန်ခဲ့သော ငှက်ပျောစွန့်ပစ်ပစ္စည်းများမှ အမျှင်များကိုထုတ်ယူကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူသုံးကုန်ပစ္စည်းများအဖြစ် ပြန်လည်ထုတ်လုပ်သည့် စွန့်ပစ်ပစ္စည်းမှ စီးပွားရေးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ငှက်ပျောမျှင်မှထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် စီစဉ်နေကြောင်း Green Banana Myanmar မှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

“ပြည်တွင်းဈေးကွက်မှာ လူသိများလာပြီး ဝယ်ယူမှုမြင့်တက်လာတဲ့အပြင် လက်ရှိ တရုတ်နိုင်ငံကို ပထမဆုံး အစမ်းပို့ကုန်အဖြစ် တင်ပို့ထားပါတယ်။ ဒါ့ပြင် တောင်ကိုရီးယားနိုင်ငံဈေးကွက်ကိုလည်း တင်ပို့နိုင်ဖို့ နမူနာပစ္စည်းတွေပေးပို့ပြီး ညှိနှိုင်းဆောင်ရွက်နေပါတယ်”ဟု ၎င်းက ပြောသည်။

လက်ရှိတွင် လက်မှုလုပ်ငန်းအဆင့်မှ စက်မှုလုပ်ငန်းအဆင့်သို့ ကူးပြောင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် ယင်းသို့ကူးပြောင်းနိုင်မှသာ ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ငှက်ပျောမျှင်မှ ထုတ်လုပ်ရရှိသည့် ပစ္စည်းများကို ဈေးနှုန်းအမျိုးမျိုးသတ်မှတ်ထားကြောင်းနှင့် ငှက်ပျောခိုင်ခုတ်ယူပြီး စွန့်ပစ်ရမည့်ငှက်ပျောပင်စည်များကို ရောင်းချရသဖြင့် စိုက်ပျိုးသူများအတွက် အပိုဝင်ငွေရရှိစေသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း များစွာအထောက်အကူဖြစ်ကြောင်း သိရသည်။

Green Banana Myanmar အနေဖြင့် ငှက်ပျောလျှော်နှင့် မြက်တို့ကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ ခေါင်းအုံး၊ ဦးထုပ်၊ ပဝါ၊ အိတ်၊ ဖိနပ်၊ ဖျာ ဒီဇိုင်းမျိုးစုံနှင့် တခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။ အဆိုပါလက်မှုပစ္စည်းများကို ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် ပြည်ပပို့ကုန်ဝင်ငွေများ ရရှိမည်ဖြစ်သကဲ့သို့ အသေးစားစီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံစိုက်ပျိုးထုတ်လုပ်သူများအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများရရှိနိုင်ပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လင်းခန့်

# တွံတေးမြို့နယ် မွေးမြူရေးဇုန်၌ အခြေခံနွားမွေးမြူရေး သင်တန်းဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် မွေးမြူရေးဇုန်ကော်မတီ စီမံခန့်ခွဲရေးရုံး အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ ယနေ့တွင် အခြေခံနွားမွေးမြူရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် တွံတေးမြို့နယ် မွေးမြူရေးဇုန်ကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက အမှာစကားပြောကြားသည်။

ဆက်လက်၍ တွံတေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်ထွန်းက နွားမွေးမြူရေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုအတွက် လိုက်နာဆောင်ရွက်ရန်အချက်များ၊ All in all out စနစ်ဖြင့် မွေးမြူရန်၊ မွေးမြူရေးခြံရှိ တိရစ္ဆာန်များ ရောင်းချပြီးပါက မွေးမြူရေးခြံကို သန့်ရှင်းရေး စနစ်တကျပြုလုပ်ရန်၊ ပိုးမွှားပိုးသတ်ဆေးဖျန်းပြီးနောက် မွေးမြူရေးခြံကို လုံခြုံအောင်ပိတ်ပြီး သတ်မှတ်ရက်အတိုင်းထားပြီးမှ တိရစ္ဆာန်အသစ်ထည့်သွင်းမွေးမြူရန်၊ မွေးမြူရေးခြံအတွင်း ပြင်ပမှရောဂါများမဝင်ရောက်စေရေး စနစ်တကျဆောင်ရွက်ရန်နှင့် မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးပါက စနစ်တကျမြေမြှုပ်ဖျက်ဆီးရန် စသည့်အကြောင်းအရာများကို တာဝန်ရှိသူများက သင်ကြားပို့ချပေးသည်။

သင်တန်းသို့ တွံတေးမွေးမြူရေးဇုန်အတွင်းရှိ နွားမွေးမြူရေးခြံများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

# ငဖဲမြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် လူငယ်စာဖတ်ဝိုင်းဆွေးနွေး

**ငဖဲ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယနေ့တွင် မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက စာဖတ်ဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဇူလိုင်လကထုတ်ဝေသည့် သုတပဒေသာနှင့်လူငယ်ရေးရာစာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပရာ ငဖဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း Grade-8 မှ မအေးကြယ်စင်စိုးနှင့် မမေရီရမ်တို့က စာရေးဆရာ မောင်ဒီပ(ပညာရေး) ရေးသားသည့် စိတ်ကောင်းရှိဖို့ပထမ ဆောင်းပါးတွင်ပါဝင်သည့်အကြောင်းအရာများ၊ မအိမ့်မှူးကဗျာနှင့် မဖြူနှင်းဝင့်ထယ်တို့က စာရေးဆရာ ထက်ဝေအောင် (စစ်ကိုင်း) ရေးသားသည့် မျိုးဆက်သစ်တို့ကမ္ဘာတည်တံ့ဖို့ သစ်ပင်စိုက်ကြပါစို့ ဆောင်းပါးပါအကြောင်းအရာများကို အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စာဖတ်ဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြကြောင်း သိရသည်။

မယု(ငဖဲ)



# ရ တ နာ ပုံ ဝ တ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

"ဘာဖြစ်လို့ထွက်သွားသလဲ" ဟု စမ်း၍မေးလိုက်လျှင်-

"ထွက်သွားတာမဟုတ်ဘူးရှင့်၊ လူခိုးသွားတာ၊ မေမေကလေ သူ့ဘာသာတော့ သွားရှာမှာမဟုတ်ဘူးရှင့်၊ ဟိုလူဆိုးကြီးကလေ ကျွန်မတို့အိမ်လာနေပြီး မေမေ့ခိုးသွားတယ်ဆရာမရဲ့၊ အဲဒီမေမေကမှ ကျွန်မတို့မေမေအရင်း၊ အခုရှိတာက အရင်းမဟုတ်ဘူးရှင့်"

"အခုရှိတဲ့မေမေကို အရင်မေမေလိုချစ်ရဲ့လား"

"ကျွန်မကတော့ အရင်မေမေကိုချစ်တာပေါ့၊ ကြီးတော်ကတော့ မချစ်ရဘူးတဲ့၊ မေမေက ကျွန်မတို့ကိုမချစ်လို့ပစ်သွားတာ၊ ကျွန်မတို့လည်း မေမေ့ကိုမချစ်ရဘူးတဲ့၊ ဒီလူကြီးက မေမေ့ရိုက်တယ်ထင်ပါရဲ့ရှင်၊ မေမေလည်း ဘာမှမကြာဘူး၊ သေရှာရော၊ တစ်ခါတလေ ကျွန်မ အိပ်ရာထဲမှာ စဉ်းစားကြည့်တယ်၊ ဒီလူကြီးရိုက်လို့ မေမေသေရှာသလားလို့၊ အဲဒီမေမေသေပြီးတဲ့နောက်မှ အခုမေမေက အိမ်ရောက်လာတာဆရာမရဲ့၊ ဖေဖေကလေ အရင်ကမေမေအစား ဒီမေမေကိုချစ်ရမယ်တဲ့"

"ဒါဆို ချစ်ရဲ့လား" ဟုမေးလျှင် မမကြီးလည်း ခေါင်းကိုယမ်း၍-

"အရင်မေမေလောက်တော့ မချစ်ပေါင်"ဟု ပြောဆဲတွင် မစောသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် စာသင်ရန်အခန်းကို လိုက်ပြနေလေ၏။ ခင်စိန်ကြည်သည် အခန်းပြတင်းပေါက်မှရပ်လျက် အိမ်ပြင်သို့ မျှော်ကြည့်နေစဉ် မောင်ထွန်းမြတ်က ရုံးသို့သွားမည်အပြု မိမိရီက ဝင်းပေါက်သို့ရောက်အောင်လိုက်၍ပို့နေသည်ကိုမြင်ရလျှင် ခင်စိန်ကြည်မှာ မိမိ ရေးအခါက ဤကဲ့သို့ လိုက်၍ပို့ဖူးသည့်အဖြစ်ကို သတိရမိရှာလေ၏။

မိမိရီသည် စာသင်ချိန်ရောက်လျှင် အခန်းတွင်းသို့ဝင်လာ၍ ကလေးတို့ကို ကစားချိန်မည်မျှပေးထိုက်သည်၊ မည်သည့်အချိန်၊ မည်သည့်စာကို သင်ထိုက်သည် စသည်ဖြင့် ဝတ္တရားရှိသည့်အတိုင်း စီမံခန့်ခွဲလေလျှင် ခင်စိန်ကြည်မှာ ငါသည် ကလေးတို့၏မိခင်ဖြစ်လျက်နှင့် ငါမိုက်သည့်အတွက် ၎င်း၏ဩဇာကိုခံရချေပြီဟု အောက်မေ့ဝမ်းနည်းမိလေ၏။ ယင်းနေ့ စာသင်နေသည့်အတွင်း ခင်စိန်ကြည်သည် ကလေးတို့ကို မိမိရင်ခွင်၌ထား၍ ချီပိုက်နမ်းရှုပ်လုပ်လိုလှသော်လည်း မလုပ်ဝံ့ဘဲ စိတ်ကိုချုပ်တည်း၍သာလျှင် နေရလေ၏။

စာသင်ချိန်လွန်သဖြင့် ညနေချမ်းအချိန်တွင် ခင်စိန်ကြည်သည် ကလေးနှစ်ယောက်ကို လက်တွဲလျက် ဝင်းပေါက်မှထွက်ပြီးလျှင် လမ်းလျှောက်သွားကြရာ မနီးမဝေးမှ မိမိရီနှင့်မောင်ထွန်းမြတ်တို့လမ်းလျှောက်လာကြသည်ကိုတွေ့လျှင် ခင်စိန်ကြည်သည် မျက်နှာပျက်ပျက်နှင့် ၎င်းတို့အားနှုတ်ဆက်၍ အတူပြန်လိုက်လာခဲ့ရလေ၏။ မိမိရီနှင့် မောင်ထွန်းမြတ်တို့မှာ ရှေ့မှသွားနှင့်၍ ခင်စိန်ကြည်မှာ ကလေးနှစ်ယောက်ကို လက်တွဲလျက် နောက်မှတဖြည်းဖြည်းလာကြစဉ် ခင်မောင်ကြီးသည် ရုတ်တရက် ပြင်းထန်စွာချောင်းဆိုးသဖြင့် ခင်စိန်ကြည်သည် ကလေးကိုပွေ့ပြီးလျှင် မိခင်ကဲ့သို့ ယုယပိုက်ထွေး ရင်ကိုလက်ဖြင့် ဖေးလျက်ထားလေ၏။

မောင်ထွန်းမြတ်လည်း ပျာယီးပျာယာနှင့်ပြန်လာ၍ ကလေးအနီးသို့ ရောက်လာလေလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်လာသည်ကို မြင်၍ ကလေးကိုချပြီး ရပ်လျက်နေရာ မောင်ထွန်းမြတ်က ဆရာမသည် ကလေးအင်မတန်ချစ်တတ်တယ်မှတ်တယ်ဟု ကျေးဇူးတင်ဟန်ရှိသော မျက်နှာထားဖြင့်ပြောရာ ခင်စိန်ကြည်မှာ စကားမပြောနိုင်ရှာဘဲ ရပ်လျက်သာလျှင်နေလေ၏။ မိမိရီလည်း လိုက်လာ၍ "ဘာဖြစ်ကြသလဲ" ဟုမေးရာ ခင်မောင်ကြီးက "ချောင်းဆိုးလွန်းလို့"ဟုပြော၍ မောင်ထွန်းမြတ်သည် ကလေးကို ပခုံးပေါ်တွင်ထမ်းလျက် အိမ်သို့ပြန်လာကြလေ၏။

ထိုည၌ ခင်စိန်ကြည်သည် ခင်မောင်ကြီးအတွက် စိုးရိမ်လှသည်ဖြစ်၍ ၎င်းအား "လူကလေး ညဘယ်သူနဲ့အိပ်သလဲ" ဟုမေးရာ-

"ကျွန်တော်တို့မောင်နှမသုံးယောက် တစ်ခန်းအိပ်တာပေါ့"

"လူကလေး ဆရာမနဲ့ အတူတူမအိပ်ချင်ဘူးလား"

"ဘာဖြစ်လို့လဲ"

"အို. . .ကလေး ညချောင်းဆိုးရင် ဆရာမက ကြည့်ရအောင်ပေါ့၊ လူကလေးမေမေလိုပဲ ဆရာမက ကြည့်ရှုမယ်၊ စောင့်ရှောက်မယ်၊ မကြိုက်ဘူးလား"

"မေမေကမှ ကျွန်တော်တို့ ချစ်မှမချစ်ဘဲ၊ မချစ်လို့သွားတာပေါ့"ဟု ပြောလျှင် မမကြီးကဝင်၍ "မေမေက မချစ်ဘူးဘယ်သူပြောသလဲ၊ မေမေ က ငါတို့ကို အင်မတန်ချစ်တယ်၊ ငါမှတ်မိတယ်၊ မစောကလည်း ပြော တယ်၊ သူ့ကိုပြောတာ သူ့ရဲ့အပြစ်လား၊ လူခိုးသွားတာ"

"မိန်းကလေးဆိုတာ ဘာသိလို့တုံး၊ မေမေက"ဟု ပြောဆဲတွင် ခင်စိန်ကြည်မှာ မျက်ရည်လည်လာပြီး မပြောပါနဲ့လူကလေးရယ်၊ လူကလေးတို့မေမေက လူကလေးတို့ကို မချစ်ဘဲနေပါ့မလား၊ ချစ်ရှာမှာပေါ့"

"ဆရာမက ဘယ့်နှယ်ကြောင့် သိနိုင်မလဲ၊ ဆရာမ ဒီတုန်းကမှ မရှိဘဲ၊ မေမေ့ကို ဆရာမဘယ်တုန်းကသိလို့လဲ" ဟု ခင်မောင်ကြီးက မေးလျှင်

"မချစ်ဘဲနေနိုင်ပါ့မလား လူကလေးရယ်၊ ဆရာမတောင် ရောက်တာတစ်ရက်ရှိသေးတယ်၊ မောင်တို့ကို ဘယ်လောက်ချစ်နေပြီလဲ၊ မေမေအရင်းဆိုတာတော့ ဘယ်ပြောဖို့ရှိမလဲ" ဟုပြောလျက် ကလေးကိုဖက်နမ်းရင်း မျက်ရည်မဆည်နိုင်အောင်ရှိလေ၏။

ထိုအခါ ခင်မောင်ကြီးက "ဆရာမက ဘာဖြစ်လို့ငိုတာလဲ" ဟု မေးလျှင် "ဟိုအရင်တုန်းက ခင်မောင်ကြီးလိုသားကလေးတစ်ယောက် ဆရာမမှာရှိဖူးတယ်၊ သားကလေးဆုံးသွားတော့ အခုခင်မောင်ကြီးကို ဒီသားကလေးအစားချစ်ရတယ် လူကလေးရဲ့ "

"သူ့နာမည် ဘယ့်နှယ်ခေါ်သလဲ"

"ခင် … မောင်မောင်ကြီးတဲ့"ဟုပြောပြီးလျှင် "ကဲ… လူကလေး လက်ဖက်ရည်သောက်ပြီး အိပ်မယ်မဟုတ်လား" ဟု ပြောဆဲတွင် မောင်ထွန်းမြတ်လည်း အခန်းတွင်းသို့ဝင်လာ၍ "ဆရာမ ကလေး လေးယောက်တောင်ဆုံးဖူးတယ်ပြောတယ်၊ ဒါဖြင့် ကလေးရောဂါ တော်တော်နားလည်မှာပေါ့"

■ **မိမိရီသည် စာသင်ချိန်ရောက်လျှင် အခန်းတွင်းသို့ ဝင်လာ၍ ကလေးတို့ကို ကစားချိန်မည်မျှပေးထိုက်သည်၊ မည်သည့်အချိန်၊ မည်သည့်စာကို သင်ထိုက်သည် စသည်ဖြင့် ဝတ္တရားရှိသည့်အတိုင်း စီမံခန့်ခွဲလေလျှင် ခင်စိန်ကြည်မှာ ငါသည် ကလေးတို့၏မိခင်ဖြစ်လျက်နှင့် ငါမိုက်သည့်အတွက် ၎င်း၏ဩဇာကို ခံရချေပြီဟု အောက်မေ့ဝမ်းနည်းမိလေ၏ . . .**

"နည်းနည်းပါးပါးနားလည်ပါရဲ့ရှင်"

"ဒီကလေးချောင်းဆိုးတာ ဘယ့်နှယ်ထင်သလဲ စိုးရိမ်ဖို့ရှိသလား"

"နည်းနည်းဂရုစိုက်ဖို့လိုတယ်မှတ်တယ်၊ သူ့အိပ်ရာလေး ကျွန်မအခန်းထဲသွင်းပြီး ကျွန်မအနားက သိပ်ရရင် မတော်ပေဘူးလားရှင်၊ ညတိုင်းချောင်းဆိုးရင် ကျွန်မ ကြည့်ရှုပါရစေ၊ ကလေးက…"

"ဟာ. . .မလုပ်ပါနဲ့ ဆရာမရယ်၊ ဆရာမ ဒုက္ခရောက်နေမှာပေါ့၊ ည ကြည့်ရှုဖို့ဆိုရင် မိနှစ်တို့၊ မစောတို့ အရှိသားပဲ"

"ကျွန်မက ကလေးချစ်တတ်ပါတယ်၊ ကလေးနေမကောင်းလို့ ပြုစုရတာများ ဒုက္ခရယ်လို့ မအောက်မေ့ပါဘူးရှင်၊ ပြုစုပါရစေ"ဟု ထပ်၍ ပြောလျှင် "ဒီလိုပြောတာ ကျေးဇူးတင်လှပါတယ် ဆရာမရယ်၊ သို့သော် ဒီလိုဆိုတော့ ကျွန်တော်တို့က မတရားရာရောက်လိမ့်မယ်၊ နေပါစေ"ဟု ပြောသဖြင့် ခင်စိန်ကြည်လည်း ထပ်၍မပြောနိုင်ဘဲရှိလေ၏။

ကလေးတို့သည် အိပ်ချိန်ကျပြီဖြစ်၍ အိပ်ခန်းသို့ဝင်ကြလေလျှင် ခင်စိန်ကြည်သည် မောင်ထွန်းမြတ်တို့လင်မယားနှင့် အိမ်ဦးခန်းတွင် ထိုင်လျက်ရှိနေရစ်၏။ ဤအတွင်း ဝန်ထောက်မင်း ဦးကျော်မင်းသည် တုတ်ကောက်ကြီးကိုကိုင်လျက် အခန်းတွင်းသို့ဝင်လာလျှင် "ဟော… ဖေဖေလာပြီ၊ အခန့်သင့်လိုက်တာ ဖေဖေရယ်"

"ဘာအခန့်သင့်သလဲ"

"ပြီးတော့မှ ပြောပါမယ်၊ ဖြည်းဖြည်းပေါ့ ဖေဖေရယ်" ဟု မိမိရီက ပြော၍ ဝန်ထောက်မင်းလည်း ခင်စိန်ကြည်ကို ကြည့်နေလျှင်-

"ကလေးတွေဆရာမ မခင်ကြည်ဆိုတာလေ ဖေဖေရဲ့၊ မနေ့ကပဲ ရောက်တယ်"

ဆက်လက်ဖော်ပြပါမည်။

## မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေး စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေး



ငွေဆောင် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ ဆင်မကျေးရွာအုပ်စုနှင့် ကျောက်ဖျာကျေးရွာ အုပ်စုအတွင်းရှိ မိုးစပါးစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးရန်ကျန်ရှိမှု၊ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို စက်တင်ဘာလ ၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဆင်မကျေးရွာအုပ်စုရှိ ဆင်မကျေးရွာ၊ ကျောက်ဖျာကျေးရွာအုပ်စုရှိ ကျောက်ဖျာကျေးရွာနှင့် ရွာသစ်ကျေးရွာရှိ စပါးစိုက်ခင်းများအတွင်း စပါးမျိုးကွဲအလိုက် စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ပျိုးထောင်စိုက်ပျိုးခဲ့မှုအခြေအနေများ၊ စိုက်ခင်းများအတွင်း စိုက်ပျိုးရေရရှိရေးနှင့် ရေသွင်းရေထုတ်အခြေအနေများ၊ ပိုးမွှားနှင့် ရောဂါကျရောက်မှုရှိ၊ မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ စနစ်တကျအသုံးပြုရေး၊ ကြွခင်းများပပျောက်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ သွင်းအားစုများတွင် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျစနစ်တကျသုံးစွဲရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ရန်ကင်း

## အခြေခံမော်တာစက်ချုပ်သင်တန်းနှင့် IE နည်းပညာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA)မှကြီးမှူး၍ အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၇၇)ကို စက်တင်ဘာလ ၂၁ ရက်မှ အောက်တိုဘာလ ၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ(MGHRDC)၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် တစ်ချောင်းချုပ်စက်နှင့် အထူးစက်အမျိုးအစားငါးမျိုး ချုပ်နည်းကို သုံးပတ်ကြာ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ဖုန်း- ၀၉-၉၄၀၈၅၈၃၅၀ နှင့် ၀၉-၄၅၀၇၂၃၂၆၂ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

ထို့ပြင် Supervisor Level Industrial Engineering (IE) နည်းပညာသင်တန်း အမှတ်စဉ် (၉၀)ကိုလည်း စက်တင်ဘာလ ၁၄ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ ယင်းသင်တန်းတွင် ကမ္ဘာတစ်ဝန်းရှိ အထည်ချုပ်လုပ်ငန်းများ၏ လက်ရှိအခြေအနေနှင့် Line Balance အရေးကြီးပုံ၊ စီမံခန့်ခွဲသူ၏အခန်းကဏ္ဍများအကြောင်း၊ ထုတ်လုပ်မှုဒီဇိုင်းများ၊ အဝတ်အထည်များ ထုတ်လုပ်စဉ်ကို ခွဲခြမ်းစိတ်ဖြာခြင်း၊ လုပ်ငန်းလည်ပတ်မှုနှုန်းများ၊ ချည်မျှင်နှင့်သက်ဆိုင်သည့် ဗဟုသုတများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

# ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အင်းစိန်၊ တိုက်ကြီး၊ တွံတေး)ခရိုင်ဖွင့်ပွဲတွင် ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် ၅၁ ဦးဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (အင်းစိန်၊ တိုက်ကြီး၊ တွံတေး) ခရိုင်ပြိုင်ပွဲကို ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၅၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(အင်းစိန်၊ တိုက်ကြီး၊ တွံတေး)ခရိုင်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေတံဆိပ်များဆုရှင် မဟာရန်ကုန် ပြည်ချစ်မယ်ပေါက်ကျော်မက မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက ပုဂံအကအလှနှင့်စင်တော်ပြိုင် အကတို့ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ




ပေးအပ်သည်။

ထို့ပြင် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အ-ထ-က(လေ့ကျင့်ရေး) ကျောင်း၌ကျင်းပရာ ဦးစွာ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စေတနာပန်းတို့ လန်းရာမြေ" သီချင်းဖြင့် ဂုဏ်ပြုသီဆို၍ ရန်ကုန်တိုင်းဒေသကြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဝင်းအောင်က ဖတ်ကြားပြီး ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အခမ်းအနား စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု Video Clip အား ပြသသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးတို့က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိခဲ့ကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြပြီး ကမာရွတ်မြို့နယ် အ-ထ-က (လေ့ကျင့်ရေး)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "တို့အင်တို့အား" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

# မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ Shanghai University Medical School မှ နှလုံးနှင့်သွေးကြောခွဲစိတ်ပါမောက္ခ Professor Feng Wan တို့ နှလုံးသွေးကြောခွဲစိတ်ကုသမှုများ ပူးပေါင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ Yida Hospital, Shanghai University Medical School မှ Dr. Feng Wan (Chairman and Professor, Department of Cardiovascular Surgery Center) ဦးဆောင်သော အဖွဲ့ဝင်ငါးဦးပါအဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနနှင့်ပူးပေါင်း၍ ဩဂုတ်လ ၂၄ ရက်မှ ၂၇ ရက်အထိ နှလုံးသွေးကြောပိတ်လူနာခြောက်ဦးကို နှလုံးစက်အသုံးမပြုဘဲ နှလုံးသွေးကြောအစားထိုးဖြတ်ကျော် ဆက်သွယ်ခြင်း (Off-Pump Coronary Artery Bypass Surgery)ဖြင့် ခွဲစိတ်ကုသပေးခဲ့ရာ ၎င်းလူနာများအား မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနတွင် လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်ပေးနေပြီး ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

ပါမောက္ခ Dr. Feng Wan သည် ၂၀၀၈ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံရှိ ပြည်သူ့ဆေးရုံကြီးများ၌ နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနနှင့် ပူးပေါင်း၍ နှလုံးနှင့် သွေးကြောခွဲစိတ်ကုသမှုများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၇ ခုနှစ်တွင်လည်း မြန်မာနိုင်ငံသို့ ထပ်မံလာရောက်၍ နှလုံးခွဲစိတ်ကုသမှုများနှင့် နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာန အနေဖြင့် မွေးရာပါနှလုံးရောဂါများ၊ နှလုံးအဆို့ရှင်ဆိုင်ရာရောဂါများ၊ နှလုံးသွေးကြောပိတ်ရောဂါနှင့် နှလုံးသွေးလွှတ်ကြောမကြီး ခွဲစိတ်ကုသမှုများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွင်း အကြီးစားခွဲစိတ်ကုသမှု ၁၅ ခု နှင့် ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အကြီးစားခွဲစိတ်ကုသမှု ၄၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**



ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

# တပ်မတော်စစ်သမိုင်းပြတိုက်( နေပြည်တော် )သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ် တပ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေမြို့)မှ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ ဆရာမများ၊ တပ်ကုန်းမြို့နယ်တပ်ကုန်းမြို့ အခြေခံပညာအလယ်တန်းကျောင်း (သပြေချောင်း)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းပြကွက်များတွင်ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။



တာဝန်ရှိသူတစ်ဦးက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်စဉ်။

ရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပ

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ (၁၀၀)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# စာပေဖန်တီးမှုစွမ်းရည် မြင့်မားလာစေရန် ပြည်တက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်းစာမူရှင်ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ



**ပြည် စက်တင်ဘာ ၈**

စာပေဖန်တီးမှုစွမ်းရည် မြင့်မားလာစေရန် ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ပြည်တက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နှစ်လည်မဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက်က ပြည်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က အဖွင့်အမှာစကားပြောကြားရာတွင် တက္ကသိုလ်မဂ္ဂဇင်းသည် ကျောင်းသား၊ ကျောင်းသူများ၏ စာပေဖန်တီးမှုစွမ်းရည်၊ တွေးခေါ်မြော်မြင်မှုနှင့် အနုပညာပင်ကိုအရည်အသွေးများကို ဖော်ထုတ်ပြသရာ ပလက်ဖောင်းဖြစ်ကြောင်း၊ အတန်းပညာရပ်များအပြင် ဝါသနာပါရာစာပေနှင့် အနုပညာရပ်များကိုပါ လေ့လာလိုက်စားပြီး မဂ္ဂဇင်းတွင် စာမူများပါဝင်ရေးသားကြသည့် စာမူရှင်ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နောင်တွင်လည်း တက္ကသိုလ်၏ စာပေနှင့် အနုပညာလှုပ်ရှားမှုများတွင် တက်ကြွစွာဖြင့် ပိုမိုပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မဂ္ဂဇင်းတွင် စာမူများ ပါဝင်ရေးသားခဲ့ကြသည့် စာမူရှင်များနှင့် စာကြည့်တိုက်ဆုရရှိကြသူများအား ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်မြင့်ခိုင်တို့က ဂုဏ်ပြုလက်ဆောင်များနှင့် ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**

---

# ပေါင်းတည်မြို့နယ်၌ ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပေါင်းတည် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် သဖန်ချိုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာလ ၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။


ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက သဖန်ချိုကျေးရွာ၌ တွင်းဝအချင်း ၄ လက်မခွဲ၊ အနက်ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ သဖန်ချိုကျေးရွာ၌ တွင်းဝအချင်း ၄ လက်မခွဲ၊ အနက်ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၈၀ ဒသမ ၄၉၄ သန်းဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေရရှိရေးလုပ်ငန်းများကို အစဉ်တစိုက်ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန္တာ**

---




# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်လှစ်



**ဝေါ စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၅၀) စက်မှုလယ်ယာစခန်းမှ ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၇ ရက်က စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ဝေါမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးရားကိုင်ထန်းက တောင်သူလယ်သမားများနှင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို စနစ်တကျကျွမ်းကျင်စွာ ကိုင်တွယ်မောင်းနှင်အသုံးပြုနိုင်စေရန်၊ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ခြင်းလုပ်ငန်းကို ဒေသအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ကြစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်က သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် အင်ဂျင်ဘာသာရပ်၊ လက်တွန်းထွန်စက်ဘာသာရပ်၊ ထွန်စက်ကြီးဘာသာရပ်၊ ရိတ်သိမ်းခြွေလှေ့စက်ဘာသာရပ်၊ ကောက်စိုက်စက်ဘာသာရပ်နှင့် ထွန်ယက်ကိရိယာများဘာသာရပ်တို့ကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

---

# မော်လမြိုင်ကျွန်းမြို့နယ်၌ မြေသြဇာ မျိုးစေ့ ပိုးသတ်ဆေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ သိရှိလိုက်နာနိုင်ရေးဆွေးနွေး

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးဥပဒေများ၊ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို စိုက်ပျိုးရေးဆေးပစ္စည်း အရောင်းဆိုင်များနှင့် အကျိုးဆောင်တောင်သူများ သိရှိလိုက်နာနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ ၇ ရက်က အမှတ်(၅) ရပ်ကွက်ရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်နွယ်က ပြည်တွင်း၌ သုံးစွဲရန် တားမြစ်ပိတ်ပင်ထားသည့် ပိုးသတ်ဆေးများအကြောင်းနှင့် ပိုးသတ်ဆေးများကို သတ်မှတ်ချက်များနှင့်အညီ ကိုင်တွယ်အသုံးပြုရန် လိုအပ်ချက်များကို အသိပညာပေးဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သိန်းဝင်းက မျိုးစေ့ဥပဒေနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ၊ မျိုးစေ့များထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းနှင့် အသုံးပြုခြင်းတို့တွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်အိမွန်က မြေသြဇာဥပဒေနှင့်သက်ဆိုင်သည့်အချက်များ၊ မြေသြဇာများထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် တောင်သူများအနေဖြင့် အရည်အသွေးပြည့်မီသည့် မြေသြဇာများကို စနစ်တကျအသုံးပြုနိုင်ရေးတို့ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များမှ တာဝန်ရှိသူများနှင့် အကျိုးဆောင်တောင်သူ စုစုပေါင်း ၅၀ ဦးခန့်တက်ရောက်ကြပြီး စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များနှင့် အကျိုးဆောင်တောင်သူများက သိရှိလိုသည်များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခြေအနေများကို မေးမြန်းရာ တာဝန်ရှိသူများက လိုအပ်သည်များ ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

→ ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံသည် IIMM ဆိုသည့် ယန္တရားကို စတင်ထူထောင်သည့် အချိန်ကတည်းက ယနေ့အထိ အသိအမှတ်ပြုခြင်းမရှိပါ။ အဆိုပါ ယန္တရားကိုယ်တိုင်သည်ပင်လည်း ဥပဒေကြောင်းရှုထောင့် (legal grounds) အရ အားနည်းချက်များစွာရှိပြီး နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသည့် (politically motivated) ရည်ရွယ်ချက်ဖြင့် ထူထောင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

IIMM သည် ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာ လွတ်လပ်သော အချက်အလက်ရှာဖွေရေးအဖွဲ့ (FFM) ဆိုသည့်အဖွဲ့မှ အစပြုခဲ့ခြင်းဖြစ်သည်။ FFM ဆိုသည်မှာ မြန်မာနိုင်ငံ၏ သဘောတူညီချက် (country consent) မပါဘဲ OHCHR က တစ်ဖက်သတ်ဆုံးဖြတ်ချက်ဖြင့်ထူထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ ယင်းနောက် FFM ၏ တွေ့ရှိချက်များအပေါ် မူတည်ပြီး သက်သေအထောက်အထားများကို ထိန်းသိမ်းထားနိုင်မည့် ပိုမိုခိုင်မာသော ယန္တရားလိုအပ်သည်ဟု အကြောင်းပြုလျက် (၃၉) ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်၃၉/၂အရ၂၀၁၈ ခုနှစ်တွင် IIMM ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

လူ့အခွင့်အရေးကောင်စီသည် ကုလသမဂ္ဂအထွေထွေညီလာခံ (General Assembly) ၏ ဆုံးဖြတ်ချက်အမှတ် A/RES/60/251 ဖြင့် တည်ထောင်ခဲ့သည့် ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်း (subsidiary organ) ဖြစ်သည်။ အဆိုပါလူ့အခွင့်အရေးကောင်စီ၏ လုပ်ပိုင်ခွင့်မှာ သတ်မှတ်ကာလအတွင်း ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို စုစည်းဖော်ပြထားသည့် အစီရင်ခံစာနှင့် လူ့အခွင့်အရေး နယ်ပယ်ရှိ အပြည်ပြည်ဆိုင်ရာဥပဒေများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အကြံပြုချက်များကို အထွေထွေညီလာခံသို့ တင်ပြရန်သာ ဖြစ်သည်။ ၎င်းအား နိုင်ငံတစ်နိုင်ငံအပေါ် ဥပဒေရေးရာ၊ တရားစီရင်ရေး ဆိုင်ရာ (သို့မဟုတ်) စုံစမ်းစစ်ဆေးရေးယန္တရားတစ်ရပ်ရပ်ကို ဖွဲ့စည်းရန် တရားဝင်လုပ်ပိုင်ခွင့် အပ်နှင်းထားခြင်းမရှိပါ။ ထို့ကြောင့် လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ ၏ IIMM တည်ထောင်ရန် ဆုံးဖြတ်ချက်သည် UN Charter ကိုသော်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီ ထူထောင်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် A/RES/60/ 251 ကိုလည်းကောင်း ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းဖြစ်သည်။

IIMM သည် နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားပြီး တစ်ဖက်သတ်ဆန်သော နိုင်ငံရေးအရ သွတ်သွင်းဆောင်ရွက်သည့် လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက်အဆိုများ၏နောက်ဆက်တွဲ ရလဒ်တစ်ရပ်သာ ဖြစ်သည်။ IIMM အနေဖြင့် နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) ဒေသအုပ်စုတစ်စု၏ နိုင်ငံရေးအရ အသုံးချခံလက်ကိုင်တုတ်တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

တစ်ဖက်တွင်လည်း IIMM ယန္တရား၏ သက်တမ်းနှင့်ပတ်သက်၍ ရှင်းလင်းသော ပြဋ္ဌာန်းချက်မပါရှိခြင်းနှင့် လုပ်ငန်းတာဝန်နှင့်လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များ (Term of Reference– TOR) တွင် IIMM အနေဖြင့် ကုလသမဂ္ဂ၏ အရင်းအမြစ်များနှင့် အလှူရှင်နိုင်ငံများထံမှ ရန်ပုံငွေများကို ၎င်း၏ဆုံးဖြတ်ချက်ဖြင့် လက်ခံရယူနိုင်သည်ဟု ဖော်ပြထားခြင်းတို့သည် ဘတ်ဂျက်အလွဲသုံးမှုကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ကင်းမဲ့လျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့အပြင် IIMM ဆိုသည့် ယန္တရား၏ နှစ်စဉ်အစီရင်ခံစာဖြစ်သည့် A/HRC/63/19 သည် ယခင်နှစ်များနည်းတူ မြန်မာ့တပ်မတော်အပေါ် တစ်ဖက်သတ်စွပ်စွဲချက်များ၊ အတည်မပြုနိုင်သည့် ဆန့်ကျင်ဘက် အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှရရှိသည့် သတင်းများနှင့် ကိန်းဂဏန်းဖောင်းပွမှုများအပေါ် အခြေခံရေးသားထားကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ ယခုကဲ့သို့ လွဲမှားစွာ ဖော်ပြချက်များသည် အကြမ်းဖက်မှုကိုအားပေးကူညီခြင်း၊ အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများကို ဖြစ်ပွားစေခြင်းတို့အပြင် နိုင်ငံအတွင်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကိုပါ အဟန့်အတားဖြစ်စေနိုင်သည်။

၎င်းတို့စွပ်စွဲထားသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ဆင်ရေးများသည် လက်နက်ကိုင်သောင်းကျန်းသူများက မြို့ရွာများကို အကြမ်းဖက်တိုက်ခိုက်သိမ်းပိုက်မှုများကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူ့အသက်အိုးအိမ်ကာကွယ်ရေးတို့အတွက် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–RoE) နှင့်အညီ စစ်ရေးပစ်မှတ်များကိုသာ ပြန်လည်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး တပ်မတော်အနေဖြင့် အပြစ်မဲ့ပြည်သူများထိခိုက်မှုမရှိစေရေး အထူးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် IIMM ဆိုသည့်အဖွဲ့၏ လုပ်ပိုင်ခွင့် အာဏာနှင့် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းခဲ့သည့် ၎င်း၏အဋ္ဌမအကြိမ် နှစ်ပတ်လည်အစီရင်ခံစာအပါအဝင် ထုတ်ပြန်မှု/ ဖော်ပြချက်အားလုံးအပေါ် ပြင်းထန်စွာကန့်ကွက်ပယ်ချကြောင်း ထပ်လောင်းအတည်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်**



# တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ်

**တီးတိန် စက်တင်ဘာ ၈**

ချင်းပြည်နယ်သည် တည်ငြိမ်အေးချမ်းနေပြီဖြစ်သည့်အတွက် ပြည်နယ်အတွင်း စီးပွားရေးလုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် နိုင်ငံတော်က ထုတ်ချေးသော ချေးငွေများ ရယူဆောင်ရွက်လိုပါက သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ချေးယူ ဆောင်ရွက်နိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ယမန်နေ့ နံနက်ပိုင်းက တွန်းဇံမြို့ ရိုမန်ကက်သလစ်ဘုရားကျောင်းခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ်ပြောကြားသည်။

ထို့ပြင် ချင်းပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဖလမ်း၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့တွင် နိုင်ငံတော်အစိုးရက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိပြီး တစ်စိတ်တစ်ပိုင်း ပျက်စီးသည့်နေအိမ်များနှင့် လုံးဝပျက်စီးသွားသည့် နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယနေ့တွင်လည်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးသွားသည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းများကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးနှင့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးတို့က တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့်ဘိလပ်မြေအိတ်များကို ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **မြဝတီ**

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၅˚C / | ၃၃˚C |
| ရန်ကုန် | ၂၄˚C / | ၃၃˚C |
| မန္တလေး | ၂၅˚C / | ၃၆˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မြစ်ကြီးနားမြို့အဝင် ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကုန်စစ်ဆေးရေးစခန်းဖွင့်လှစ်ထားရှိ

**မြစ်ကြီးနား စက်တင်ဘာ ၈**

ကချင်ပြည်နယ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ပို့ကုန်ပစ္စည်းများ တရားဝင်တင်ပို့နိုင်ရေးနှင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ရရှိရေး၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ ပပျောက်စေရေးအတွက် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအတွင်း မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်း ဖွင့်လှစ်ထားရှိရာသို့ ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသအတွက် အရေးပါသည့် ကုန်သွယ်ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး အရေးကြီးသည့် လုပ်ငန်းဖြစ်သည့်အပြင် ကုန်စည်စီးဆင်းမှုနှင့် ဒေသတွင်းအခြေခံစားသောက်ကုန်များ ပြတ်လပ်မှုမရှိစေရေးအတွက် ကုန်စစ်ဆေးရေးစခန်း၌ လိုအပ်သည့်အခြေခံအဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ကြရေး ဌာနဆိုင်ရာများ၊ ကံပိုင်တည်ကုန်သည်ကြီးများအသင်း တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ခြံဝင်းအတွင်း မြို့နယ်စည်ပင်သာယာအဖွဲ့သန့်ရှင်းရေးဝန်ထမ်းများနှင့် ကုန်တင်ကုန်ချအဖွဲ့များက ခြံသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက် မြစ်ကြီးနား တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က UNESCO ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့်သဝဏ်လွှာအား ဖတ်ကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပညာရေးဝန်ကြီးဌာန၏ စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှု ဗီဒီယိုကလစ်ကို ဖွင့်လှစ်ပြသကာ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မိုးပိုနေမည်

**နေပြည်တော် စက်တင်ဘာ ၈**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **(မိုး/ဇလ)**

## (၈-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၅ ~ ၃၆၇၀ | ၅၅၈.၂ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၆,၃၁၆,၁၄၂.၈၀ | ၃၀,၆၇၇,၆၀၄.၉၅ | ၂၈,၂၁၉,၉၆၂.၅၉ | - |

# သွေးတွင်းသကြားဓာတ်ကျဆင်းခြင်း

ဒေါက်တာအောင်ညွန့်ပိုင်

နေ့စဉ်စားသုံးလိုက်သော အစားအစာများမှ ဖြိုခွဲရရှိလာသည့် ဂလူးကို့စ် (ခေါ်) သွေးတွင်းသကြားဓာတ်သည် ခန္ဓာကိုယ်ရှိ ဆဲလ်များနှင့် ဦးနှောက်အင်္ဂါအစိတ်အပိုင်းများအတွက် အဓိကစွမ်းအင်ဖြစ်သည်။ ကျန်းမာရေးသုတအနေဖြင့် ဆီးချိုရောဂါနှင့်ပတ်သက်၍ ဆွေးနွေးကြသည့်အခါ သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းကြောင့်ဖြစ်ရသည့် နောက်ဆက်တွဲဆိုးကျိုးများကိုသာ အလေးထားပြောဆိုလေ့ရှိကြပြီး သွေးတွင်းသကြားဓာတ် အလွန်အမင်းကျဆင်းခြင်းကိုမူ လျစ်လျူရှုမိတတ်ကြသည်။ အမှန်စင်စစ်တွင် သွေးတွင်းသကြားဓာတ် လွန်စွာကျဆင်းခြင်းသည် မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း လူနာကို အသက်အန္တရာယ်ဖြစ်စေနိုင်သော အရေးပေါ်အခြေအနေတစ်ခုဖြစ်သဖြင့် ယင်း၏သဘောသဘာဝ၊ ဖြစ်ပွားရသည့်အကြောင်းရင်း၊ လက္ခဏာများနှင့် ကုသပုံများကို နှံ့နှံ့စပ်စပ်သိရှိထားရန် အလွန်အရေးကြီးသည်။

**သွေးတွင်းသကြားဓာတ်ကျဆင်းခြင်း၏ အဓိပ္ပာယ်နှင့် အဆင့်သတ်မှတ်ချက်များ**

အမေရိကန် ဆီးချိုရောဂါကာကွယ်ရေးအဖွဲ့၏ နောက်ဆုံးပေါ် လက်တွေ့ညွှန်ကြားချက်များအရ သွေးတွင်းသကြားဓာတ်ပမာဏသည် ၇၀ မီလီဂရမ်/ဒက်စီလီတာအောက်သို့ ရောက်ရှိသွားခြင်းကို သွေးတွင်းသကြားဓာတ်ကျဆင်းခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ သကြားဓာတ်ပမာဏကျဆင်းမှု ပြင်းထန်ပုံပေါ်မူတည်၍ သိပ္ပံနည်းကျ အဆင့်သုံးဆင့်ခွဲခြားထားသည်။

**ပထမအဆင့်**

သွေးတွင်းသကြားဓာတ်ပမာဏ ၇၀ မီလီဂရမ်/ဒက်စီလီတာအောက်မှ ၅၄ မီလီဂရမ်/ ဒက်စီလီတာအထိ ကျဆင်းခြင်းဖြစ်သည်။ ဤအဆင့်သည် ခန္ဓာကိုယ်က စတင်သတိပေးသည့် အဆင့်ဖြစ်ပြီး လူနာအနေဖြင့် သတိပြုမိကာ ကုသမှုစတင်ရန် လိုအပ်သည်။ ၇၀ မီလီဂရမ်/ဒက်စီလီတာအောက် မရောက်သေးသဖြင့် အရေးမကြီးဟု ပေါ့ဆ၍မရနိုင်ပါ။

**ဒုတိယအဆင့်**

သွေးတွင်းသကြားဓာတ်ပမာဏ ၅၄ မီလီဂရမ်/ဒက်စီလီတာအောက်သို့ ကျဆင်းသွားခြင်းဖြစ်သည်။ ဤအဆင့်သည် ဦးနှောက်ဆဲလ်များ စွမ်းအင်ပြတ်လပ်မှုကို သိသိသာသာခံစားရစေပြီး ရေရှည်ဆိုးကျိုးများမဖြစ်ပေါ်စေရန် အချိန်မဆိုင်းဘဲ ချက်ချင်းကုသရမည့် အရေးကြီးအဆင့်ဖြစ်သည်။

**တတိယအဆင့်**

ဤအဆင့်တွင် သွေးတွင်းသကြားဓာတ်ပမာဏမည်မျှရှိသည်ဖြစ်စေ လူနာသည် ကိုယ်တိုင်အစားအစာမစားနိုင်တော့ဘဲ စိတ်ရှုပ်ထွေးခြင်း၊ တက်ခြင်း သို့မဟုတ် သတိလစ်ခြင်းများဖြစ်ပေါ်လာကာ တစ်ပါးသူ၏အကူအညီကို လုံးဝရယူရသည့် အလွန်ပြင်းထန်သောအဆင့်ဖြစ်သည်။

**ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် အန္တရာယ်ရှိသောအုပ်စုများ**

သွေးတွင်းသကြားဓာတ်ကျဆင်းခြင်းသည် အထူးသဖြင့် ဆီးချိုရောဂါကို စနစ်တကျကုသနေသူများတွင် ဘေးထွက်ဆိုးကျိုးအနေဖြင့် အများဆုံးတွေ့ရတတ်သည်။ အင်ဆူလင်ထိုးဆေးအသုံးပြုနေရသူများ သို့မဟုတ် ဆာဖိုနိုင်းယူရီးယားကဲ့သို့ သွေးတွင်းသကြားဓာတ်ကျစေသော သောက်ဆေးများကို အသုံးပြုနေသူများသည် အဓိကအန္တရာယ်ရှိသောအုပ်စုဖြစ်သည်။

**“သွေးတွင်းသကြားဓာတ် စတင်ကျဆင်းလာပါက လူနာ၏ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာလက္ခဏာများ သိသာစွာပြောင်းလဲလာတတ်သည်။ ကနဦးပိုင်းတွင် အဒရီနယ်လင်ဟော်မုန်းများ အလွန်အမင်းထွက်လာခြင်းကြောင့် ခြေလက်များတုန်ခြင်း၊ ချွေးစေးများထွက်ခြင်း၊ နှလုံးတုန်ပြီး ရင်တုန်ခြင်း၊ ခေါင်းမူးခြင်း၊ စိုးရိမ်စိတ်လွန်ကဲခြင်းနှင့် အလွန်အမင်းဆာလောင်ခြင်း စသည်တို့ခံစားရနိုင်. . .”**

ဖြစ်ပွားရသည့် သမားရိုးကျအကြောင်းရင်းများမှာ ဆရာဝန်ညွှန်ကြားထားသည့် ဆေးပမာဏထက် ပိုမိုသောက်သုံးမိခြင်း၊ ထိုးမိခြင်း၊ ဆေးသောက်ပြီးနောက် သို့မဟုတ် အင်ဆူလင်ထိုးပြီးနောက် အစားအစာကို အချိန်မှန်မစားဘဲ အချိန်လွန်သွားခြင်း၊ ပုံမှန်ထက် အစားအစာပမာဏနည်းပါးစွာ စားသုံးမိခြင်းတို့ကြောင့်ဖြစ်သည်။

**သတိပြုရမည့် ရောဂါလက္ခဏာများနှင့် နောက်ဆက်တွဲဆိုးကျိုးများ**

သွေးတွင်းသကြားဓာတ် စတင်ကျဆင်းလာပါက လူနာ၏ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာလက္ခဏာများ သိသာစွာပြောင်းလဲလာတတ်သည်။ ကနဦးပိုင်းတွင် အဒရီနယ်လင်ဟော်မုန်းများ အလွန်အမင်းထွက်လာခြင်းကြောင့် ခြေလက်များတုန်ခြင်း၊ ချွေးစေးများထွက်ခြင်း၊ နှလုံးတုန်ရင်တုန်ခြင်း၊ ခေါင်းမူးခြင်း၊ စိုးရိမ်စိတ်လွန်ကဲခြင်းနှင့် အလွန်အမင်းဆာလောင်ခြင်း စသည်တို့ ခံစားရနိုင်သည်။

အကယ်၍ ထိုကနဦးလက္ခဏာများကို လျစ်လျူရှုထားမိပါက ဦးနှောက်ဆဲလ်များ ဂလူးကို့စ်ပြတ်လပ်မှုဒဏ်ကို စတင်ခံရပြီး ပိုမိုပြင်းထန်သောလက္ခဏာများ ပြလာသည်။ လူနာသည် စကားပြောရာတွင် အာလေးလျှာလေးဖြစ်လာခြင်း၊ အမြင်အာရုံများ ဝေဝါးလာခြင်း၊ စိတ်ရှုပ်ထွေးပြီး လမ်းကောင်းကောင်းမလျှောက်နိုင်ခြင်း၊ စိတ်ဆတ်ပြီး ဒေါသထွက်လွယ်ခြင်းတို့ ဖြစ်လာတတ်သည်။ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိသွားပါက လူနာသည် အကြောဆွဲ၍တက်ခြင်း၊ သတိလစ်မေ့မြောခြင်းနှင့် အချိန်မီမကုသနိုင်ပါက ဦးနှောက်သေဆုံးကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်သည်။ ရေရှည်တွင် မကြာခဏ သကြားဓာတ်ကျပါက နှလုံးရောဂါအခံရှိသူများတွင် နှလုံးခုန်မမှန်ခြင်းနှင့် ရုတ်တရက်နှလုံးရပ်ခြင်း စသည်တို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

**ရေရှည်ကာကွယ်စောင့်ရှောက်ခြင်းနှင့် လူနေမှုဘဝပုံစံပြောင်းလဲခြင်း**

သွေးတွင်းသကြားဓာတ်ကျခြင်းသည် ဖြစ်ပွားပြီးမှ ကုသခြင်းထက် ထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်သည်။ ဆီးချိုရောဂါလူနာများသည် အောက်ပါအချက်များကို နေ့စဉ်လူနေမှုဘဝတွင် စနစ်တကျလိုက်နာသင့်သည်။

**အစာအချိန်မှန်စားခြင်း**

ဆီးချိုဆေးသောက်ပြီးလျှင်ဖြစ်စေ၊ အင်ဆူလင်ထိုးပြီးလျှင်ဖြစ်စေ သတ်မှတ်ထားသောအချိန်အတွင်း အာဟာရပြည့်ဝသောအစားအစာကို ပမာဏမှန်ကန်စွာ စားသုံးရမည်။ အစားအစာတစ်နပ်နှင့်တစ်နပ်ကြားတွင်လည်း အလွန်အမင်းဗိုက်အဆာမခံသင့်ပါ။

**သွေးချိုပုံမှန်တိုင်းတာခြင်း**

အထူးသဖြင့် လေ့ကျင့်ခန်းမပြုလုပ်မီ၊ ကားမမောင်းမီနှင့် အိပ်ရာမဝင်မီအချိန်များတွင် မိမိ၏သွေးတွင်းသကြားဓာတ်ကို သွေးချိုတိုင်းစက်ဖြင့် စနစ်တကျတိုင်းတာစစ်ဆေးသည့် အလေ့အထကို ပျိုးထောင်ရမည်။

**အရေးပေါ်ပစ္စည်းများ အမြဲဆောင်ထားခြင်း**

ခရီးသွားသည့်အခါ၊ အလုပ်သွားသည့်အခါ သို့မဟုတ် အပြင်ထွက်သည့်အခါတိုင်း မိမိနှင့်မကွာ လွယ်ကူစွာအသုံးပြုနိုင်မည့် သကြားလုံး၊ ဂလူးကို့စ်ပြား သို့မဟုတ် အချိုရည်ဘူးများကို အိတ်ထဲတွင် အမြဲဆောင်ထားရမည်။

**ဆေးပမာဏ ပြန်လည်ညှိနှိုင်းခြင်း**

အကယ်၍ မိမိတွင် သွေးတွင်းသကြားဓာတ်ကျသည့်ဖြစ်စဉ်သည် တစ်ပတ်အတွင်း တစ်ကြိမ်ထက်မက ဖြစ်ပွားနေပါက သို့မဟုတ် အကြောင်းရင်းမရှိဘဲ ဖြစ်နေပါက မိမိသဘောဖြင့် ဆေးဖြတ်ခြင်းမပြုဘဲ ဆရာဝန်နှင့်ပြန်လည်ပြသ၍ ဆီးချိုဆေးပမာဏ သို့မဟုတ် အင်ဆူလင်ပမာဏကို ပြန်လည်ပြင်ဆင်ညှိနှိုင်းရမည်။

**ပတ်ဝန်းကျင်ကို အသိပေးခြင်း**

မိမိတွင် ဆီးချိုရောဂါရှိကြောင်းနှင့် သကြားဓာတ်ကျပါက မည်ကဲ့သို့ကူညီရမည်ကို မိသားစုဝင်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆွေသူငယ်ချင်းများကို အသိပေးမျှဝေထားခြင်းဖြင့် အရေးပေါ်အခြေအနေတွင် အချိန်မီအကူအညီရရှိနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် သွေးတွင်းသကြားဓာတ်ကျဆင်းခြင်းသည် ဆီးချိုရောဂါသည်တိုင်း သတိပြုဆင်ခြင်ရမည့် ရုတ်တရက် အသက်အန္တရာယ်ရှိနိုင်သော အခြေအနေတစ်ခုဖြစ်သည်။ သို့သော် ဤရောဂါအခြေအနေသည် ကြောက်လန့်နေရမည့်အရာမဟုတ်ဘဲ စနစ်တကျကိုင်တွယ်တတ်ပါက အလွယ်တကူကျော်လွှားနိုင်သော အခြေအနေလည်းဖြစ်သည်။ ဆီးချိုလူနာများနှင့် ၎င်းတို့၏မိသားစုဝင်များအနေဖြင့် သကြားဓာတ်ကျခြင်း၏အဆင့်များ၊ ကနဦးအချက်ပေးလက္ခဏာများနှင့် ဆရာဝန်နှင့်တိုင်ပင်၍ ဆေးပမာဏကို မှန်ကန်စွာသုံးစွဲခြင်း စသည်တို့ဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာပျော်ရွှင်သော လူနေမှုဘဝဆီသို့ စနစ်တကျလျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ဒေသတွင်းစားသုံးဆီဖူလုံစေရေး မိုးသီးနှံစိုက်ပျိုးရာသီတွင် ငဖဲမြို့နယ်၌ ဆီထွက်သီးနှံမိုးမြေပဲ ၆၆၇ ဧက စိုက်ပျိုးပြီးစီး

**ငဖဲ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီ ဖူလုံစေရေးအတွက် ဆီထွက်သီးနှံ မိုးမြေပဲ ၆၇၉ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ လက်ရှိအချိန်ထိ ၆၆၇ ဧက စိုက်ပျိုးပြီးစီးနေပြီး မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်း၏ပြောပြချက်အရ သိရသည်။

ငဖဲမြို့နယ်အတွင်း ယခုနှစ်တွင် မိုးမြေပဲကို ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ မကွေး-၁၆ မျိုး ၂၃၅ ဧက၊ တွန်တာနီ ၂၈၅ ဧကနှင့် ဗီယက်နမ် ၁၄၇ ဧက စုစုပေါင်း ၆၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိသည့်အပြင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

“ငဖဲမြို့နယ်က မြေပဲစိုက်တောင်သူတွေအနေနဲ့ အထွက်နှုန်းကောင်းမွန်ပြီး အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိတဲ့ မျိုးတွေကို ရွေးချယ်စိုက်ပျိုးဖို့၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စွာစိုက်ပျိုးဖို့၊ သွင်းအားစုတွေ စနစ်တကျထည့်သွင်းစိုက်ပျိုးဖို့အပါအဝင် ပေါင်းသတ်ဆေးနဲ့ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တာဝန်ရှိသူတွေက တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်” ဟု ဦးမြင့်သိန်းကပြောသည်။

ငဖဲမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက မိုးမြေပဲ ၃၂၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ၇၀ ဒသမ ၁၅ တင်းခန့်ထွက်ရှိကြောင်း၊ ငဖဲမြို့နယ်အပြင် ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် တခြားဒေသများ၌လည်း ဆီထွက်သီးနှံဖြစ်သည့်မြေပဲကို လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးဆီဖူလုံစေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ မယု(ငဖဲ)



**ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေး၊ စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေးရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ အသိပညာပေးစာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များ ပြသခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၇ ရက်က သောင်းတန်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ဆောင်ရွက်စဉ်။** ရန်ကင်း

## လူငယ်ရေးရာအသိပညာပေးဟောပြော နှံ့ရုံကပ်စာစောင်များပြသ



**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့် နံ့ရုံကပ်စာစောင် များပြသခြင်းကို စက်တင်ဘာလ ၇ ရက် မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိ မြို့နယ် ရွှေကြာပင်ရပ်ကွက် အမှတ်(၂၅)အခြေခံပညာမူလတန်း လွန်ကျောင်း၌ ကျင်းပသည်။

ရေးဦးစွာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၅) အခြေခံပညာမူလ တန်းလွန်ကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ရီက အဖွင့် အမှာစကားပြောကြားပြီး ဇမ္ဗူသီရိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်နီလာစိုးက ကျောင်း သား၊ ကျောင်းသူ လူငယ်လူရွယ် များအနေဖြင့် ဘက်စုံထူးချွန် သောလူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန်နှင့် နောင်တစ်ချိန် တွင်နိုင်ငံတော်ကအားထားရသည့် လူကောင်းလူတော်များ ဖြစ်လာ စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက် လာစေရန်ရည်ရွယ်၍ လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့်ဟောပြော ဆွေးနွေးသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသောကျောင်း သား၊ ကျောင်းသူများအား ဟော ပြောပွဲနှင့်ပတ်သက်သည့် မေးခွန်း များအား မေးမြန်းဆွေးနွေးရာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီးပေးအပ်သည်။

ဟောပြောပွဲအပြီးတွင် ဇမ္ဗူသီရိ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ပြသထား သည့်လူငယ်ရေးရာအသိပညာပေး နံ့ရုံကပ်စာစောင်များနှင့် လူငယ် ရေးရာ အသိပညာပေးစာအုပ်၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရ သည်။

(၄၀၂)

## ဟုမ္မလင်းမြို့နယ်၌ မြေထောက်ပဲကေ ၉၅၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ဟုမ္မလင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီးဟုမ္မလင်း မြို့နယ်၌ လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မြေထောက်ပဲ ၉၅၂၇ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်၍ ဒီဇင် ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ် ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်၌မြေထောက်ပဲ စိုက်ပျိုးမည့် တောင်သူများအနေ ဖြင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင် ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုး ရေး၊ အထွက်နှုန်းကောင်းမွန် သည့်မျိုးများကို စိုက်ပျိုးနိုင်ရေး အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ အသိပညာပေးလုပ်ငန်း များ ဆောင်ရွက်ပေးသွားမည်ဖြစ် သည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုး သည့်သီးနှံများသည် အခြားနည်း စနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံ များထက် အရည်အသွေးများ ပိုမို ကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိ ခြင်း၊ ပြည်တွင်းဈေးကွက်အတွင်း သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည် အသွေး ကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုး သည့်တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရ သည်။

ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန် များကို ယခုထက် ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်သွား မည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## အသက် ၁၄ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲ အခမ်းအနားကျင်းပ



**လှိုင်ကော် စက်တင်ဘာ ၈**

ကယားပြည်နယ် လှိုင်ကော် မြို့နယ် အားကစားနှင့်ကာယ ပညာကော်မတီ ဦးဋ္ဌက္ကဌ ဖလား အခြေခံပညာကျောင်း ပေါင်းစုံ အသက် ၁၄ နှစ်အောက် အမျိုး သား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက် ညနေပိုင်း တွင် ဒေါ်ဥခူရပ်ကွက်ရှိ ပြည်နယ် အားကစားကွင်း၌ ကျင်းပ သည်။

ရေးဦးစွာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အမှတ်(၅) အခြေခံ ပညာ အထက်တန်းကျောင်း အမျိုးသား ဘောလုံးအသင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း (လောပီတစံပြ)ဘောလုံးအသင်း တို့ ယှဉ်ပြိုင်ကစားရာ အခြေခံ ပညာ အလယ်တန်းကျောင်း (လောပီတစံပြ) အသင်းက ၄ ဂိုး - ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲ ခဲ့သည်။

ထို့နောက် ဆုပေးအပ်ပွဲအခမ်း အနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး ရှေ့တန်းကစား သမားဆု၊ အလယ်တန်းကစား သမားဆု၊ နောက်တန်းကစား သမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆု ရရှိသူများကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ပြီး ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော အခြေခံပညာအလယ်တန်းကျောင်း (လောပီတစံပြ)အသင်းအား တစ်ဦး ချင်းဆုတံဆိပ်နှင့် တံခွန်စိုက် ဒိုင်းဆုကို လှိုင်ကော်မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌက ပေးအပ် ကြောင်း သိရသည်။

(၄၀၅)

## အောင်ပွဲရ ရှေ့တန်းပြန်

❖ ရှေ့တန်းပြန် အောင်ပွဲရ
ကြိုဆိုကြ မြင်ကွင်းတွေ။
တွေ့မြင်လာ လွန်ကြည်နူးလို့
ရွှင်မြူးလို့နေ။
နိုင်ငံတော်အတွက် တာဝန်ကျေ
ကာကွယ်နေ စွန့်လွှတ်စွန့်စား။
ပြည်သူတွေ လူမှုဘဝ
အေးမြစေသား။

❖ မြို့ရွာတွေ တည်ငြိမ်မှု
ရွက်ဆောင်ပြု တပ်မတော်။
ဘေးမသီ ရန်မခ
စောင့်ရှောက်ကြသော်။
ပြည်သူတို့ အလွန်ပျော်
အားကိုးမျှော် လွန်တောင့်တ။
တပ်မတော်က ဆောင်ရွက်ပေး
ကျေးဇူးအနန္တ။

❖ ပြည်သူတွေ ရွှေရင်ထဲ
ထူးကဲလို့ ဝင်ရောက်လာ။
တပ်မတော်သားတွေ ကာကွယ်ပေးလို့
အေးချမ်းပေတာ။
အောင်ပွဲရ လွန်ဝမ်းသာ
ရွှင်ပြုံးစွာ ကြိုဆိုမစဲ။
တပ်မတော်နှင့်ပြည်သူ ရွှေလက်တွဲလို့
နွှဲကြသည်ပွဲ။

❖ တပ်မတော် မိသားစု
ပျော်ရွှင်မှု ကြည်နူးစရာ။
သူတို့လည်းလေ လောကီသားမို့
ခံစားလျက်ပါ။
ဝမ်းသာဝမ်းနည်း တူယှဉ်ကာ
ဖြစ်နေမှာ မျှော်ကာတွေး။
နိုင်ငံတော် ကာကွယ်မှုကို
ဂုဏ်ပြုတယ်လေး။ ။

**မောင်မောင်အေး(ဘိုကလေး)**

### MWD Variety Channel

၉-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရှာဖွေလေ့လာ ပြတိုက်မှာ |
| ၂။ | ၁၁:၄၅ | နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင်ထူးချွန်ထင်ရှား တပ်မတော်သားအားကစားသမားများ |
| ၃။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၆:၂၀ | ကမ္ဘာတစ်ခွင် မှတ်တမ်းဝင် |

**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာဈေး အနောက်ဘက်ဝင်ပေါက်၌ လမ်းသွားလမ်းလာပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအကြောင်းအရာများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များပါရှိသည့် အသိပညာပေးလက်ကမ်းစာစောင် များကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြန့်ဝေပေးစဉ်။** (၆၀၂)



# ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ




## မန္တလေး

၂၀၂၆-၂၀၂၇ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အဆင့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းသိရသည်။

**မြဝတီ**

## ပဲခူး

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(မြို့အနောက်(ခ))မှ ကျောင်းသား၊ ကျောင်းသူများက "အနာဂတ်လူရည်မွန်"၊ "ဘယ်သူပြိုင်လို့ လုပါတော့နိုင်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ကြောင်း သိရသည်။



**ဥဿာတိုင်းသား**

## လွိုင်ကော်

၂၀၂၆ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က အမှာစကားပြောကြားပြီး ယူနက်စကို ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



## တောင်ကြီး

၂၀၂၆ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**




## မိုးညှင်း

၂၀၂၆ ခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင်စစ်ကိုင်းတိုင်းဒေသကြီး မိုးညှင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိသလ္လာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများနှင့်ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုလက်မှတ်နှင့် ဂုဏ်ပြုငွေများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**







## ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ထားဝယ်မြို့ ပုလဲဧကရီခန်းမ၌ ကျင်းပရာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိသူနှစ်ဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေး

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် မကွေးမြို့ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်တာဝန်ရှိသူများက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ ကျောင်းပြင်ပပညာရေးမှ WASH သင်တန်းနှင့် အလယ်တန်းအဆင့်နည်းပြသင်တန်းတွင် ဆုရရှိခဲ့သော ဆရာ၊ ဆရာမများနှင့် အခမ်းအနားတွင် ကပြဖျော်ဖြေခဲ့ကြသည့်ကျောင်းသူများအားဆုများပေးအပ်ကြကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**



## ဘားအံ

ကရင်ပြည်နယ်အတွင်း မူလတန်းပညာရေးကို ပြီးဆုံးအောင်မသင်ကြားနိုင်ခဲ့သော ကလေးများအား အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀)အရ ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျောင်းပြင်ပပညာရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ဘားအံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ကြောင်းသိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေး



**နေပြည်တော် စက်တင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပုသိမ်မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယနေ့တွင် နယ်မြေခံတပ်နယ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များအား လမင်းစီမံချက်ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e-ID စနစ်ဖြင့် UID ကတ်ကောက်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို ကာယကံရှင်တစ်ဦးချင်းထံ ပေးအပ်ကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝါးခယ်မမြို့နယ် ဦးစီးမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများက ဒေသခံပြည်သူများအား လမင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းပြောင်းဝင်/ပြောင်းထွက်နှင့် မွေးဖွားမှု၊ သေဆုံးမှုတို့အတွက်လူဦးရေအတိုး/အလျော့လုပ်ငန်းစဉ်များ၊ အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ပျောက်ဆုံးသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ကောက်ယူဆောင်ရွက်နေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများအား UID ကတ်ကောက်ယူဆောင်ရွက်နေမှု၊ မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုတို့ကိုကြည့်ရှုအားပေးပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ဇမ္ဗူသီရိမြို့နယ်အတွင်း အဆင့်မြင့် အိမ်ရာစီမံကိန်း အမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို ကားလမ်းဘေးတွင် အဆင့်မြင့်အိမ်ရာစီမံကိန်း အမှတ်(၁)နှင့်အမှတ်(၂)တို့ကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ အဆင့်မြင့်အိမ်ရာစီမံကိန်းအမှတ်(၁)နှင့် အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်ကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ယနေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ၊ အခမ်းအနားတွင် ကပြဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင်မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေတိုက်စားမှုကြောင့်ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်အရှေ့ဘက်ကမ်းကူးတို့ဆိပ်ကျေးရွာအုပ်စု ဇီးရိုင်းကျေးရွာနှင့် ဝဲကြီးကျေးရွာအကြားတွင် တည်ရှိသည့် အလျားပေ ၄၀၊ အနံပေ ၃၀ RCC တံတား၏တံတားချဉ်းကပ်လမ်း ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် သစ်တွန်ကျေးရွာအုပ်စု ဖလောင်းကျေးရွာ ကွန်ကရစ်လမ်းပေါ်ရှိ ဘေလီတံတားပျက်စီးမှုနှင့်ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်စည်ပင်ကြီးကျေးရွာအုပ်စု စည်ပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွင်း ပေါင်းလောင်းမြစ်ရေဝင်ရောက်နေမှုကို လည်းကောင်း၊ စည်ပင်ကြီးကျေးရွာနှင့် ပျဉ်းမနားမြို့နယ် သာယာစုကျေးရွာသို့ ဆက်သွယ်ထားသော ပေါင်းလောင်းမြစ်ကူးတံတားကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ ကြက်ခြေနီနှင့်လခြမ်းနီ အသင်းခေါင်းဆောင်များ အစည်းအဝေးပထမနေ့ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၈**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့်(၂၃)ကြိမ်မြောက်အရှေ့တောင်အာရှကြက်ခြေနီနှင့်လခြမ်းနီအသင်းခေါင်းဆောင်များ အစည်းအဝေး (23rd Southeast Asia Red Cross Red Crescent Leaders Meeting) ၏ ပထမနေ့ကို "Unity in Humanitarian Action: Building a Better Tomorrow" — "စည်းလုံးညီညွတ်သော လူမှုကရုဏာလုပ်ငန်းများဖြင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ခြင်း" ဟူသော ဆောင်ပုဒ်ဖြင့် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးနှင့် အလုပ်အမှုဆောင်များ၊ အရှေ့တောင်အာရှနိုင်ငံများမှ ကြက်ခြေနီနှင့်လခြမ်းနီအသင်းခေါင်းဆောင်များနှင့်တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC)၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့်အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန(AHA Centre) တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာ အရှေ့တောင်အာရှဒေသအတွင်း ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများနှင့် အနာဂတ်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးတွင် IFRC နှင့် ASEAN အကြား နားလည်မှုစာချွန်လွှာ(MoU) အကောင်အထည်ဖော်မှုတိုးတက်ချက်များ၊ Kuala Lumpur Statement အကောင်အထည်ဖော်မှုတိုးတက်ချက်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အတွေ့အကြုံများ၊ အရှေ့တောင်အာရှ ရှေးဦးပြုစုခြင်းကွန်ရက်နှင့် ကွန်ရက် Mapping (First Aid Accreditation Roadmap) တို့အပြင် အရှေ့တောင်အာရှဒေသအတွင်း ကျန်းမာသောလူမှုအသိုက်အဝန်းများ တည်ဆောက်ရေး၊ MHPSS၊ ရောဂါကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်နိုင်စွမ်းမြှင့်တင်ရေး၊ အမျိုးသားအသင်းများအကြား အပြန်အလှန်အကူအညီပေးရေး၊ ကြက်ခြေနီနှင့်လခြမ်းနီဝန်ထမ်းများ၏ လုံခြုံရေးနှင့် Duty of Care၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်ရှိသောဒေသတည်ဆောက်ရေးနှင့် ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သဘောတူညီချက်စာတမ်း အရဆောင်ရွက်ချက်များကိုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မန္တလေးငလျင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ခံမှုရှိစွာ ဆောင်ရွက်နိုင်ရေး၊ အမျိုးသားအသင်းများ၏ ဘဏ္ဍာရေးရေရှည်တည်တံ့နိုင်မှု၊ ပြည်တွင်းဝင်ငွေရရှိရေးနှင့် ရန်ပုံငွေရှာဖွေရေးအရင်းအမြစ်များ မျိုးစုံတိုးချဲ့ရေးတို့ကို ဆွေးနွေးကြပြီး ပထမနေ့အစည်းအဝေးအစီအစဉ်များကို ရပ်နားခဲ့ကြောင်း သိရသည်။ **မြဝတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# လေးမျက်နှာမြို့နယ် ဝေနံတာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းအား ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့

**ပုသိမ် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ဝေနံတာ၏အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျပြီး ရေကျော်စီးဝင်ခဲ့သဖြင့် တာတမံအရေးပေါ်ကာကွယ်ရေးလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ရေးလုပ်ငန်းများကို ဩဂုတ်လ ၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရေဝင်လမ်းကြောင်းကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကိုတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝေနံတာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများကို နေ့လယ်စာဒံပေါက်ဘူးများနှင့် Mytel ဆင်းကတ်များ လှူဒါန်းခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လေးမျက်နှာမြို့ အမှတ်(၅) ရပ်ကွက်သို့ သွားရောက်၍ ရေပြန်လည်ကျဆင်းမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေပြန်လည်ကျဆင်းလာသဖြင့် ၎င်းတို့၏နေအိမ်များတွင် ပြန်လည်နေထိုင်နေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီးညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား (၃၀၀) ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင်၁၁/၅ မှ တာမိုင် ၁၁/၇ ကြား ဆည်မြောင်းတာ အပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ်သဲအိတ်ချခြင်းနှင့်ရေလမ်းသောင်တူးခြင်း လုပ်ငန်းတို့ကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**၈-၉-၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀) ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ဝဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက်(၁၉)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခု နှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော် နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ဝဝန်မြစ်ရေသည် ဩဂုတ်လ ၁၄ ရက်တွင် ၇ပေ ၉ လက်မထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၄ ပေ ၅ လက်မခန့်သာ ကျန်ရှိသဖြင့် ၃ ပေ ၄ လက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ဝဝန်မြစ်ရေသည် ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၂ လက်မခန့်သာကျန်ရှိသဖြင့် ၅ ပေခန့်အထိ ကျဆင်းသွားခဲ့ကြောင်း၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ဝဝန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ၃ ပေ ၅ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျုံပျော်မြို့နယ်တွင် ဝဝန်မြစ်ရေသည် ဩဂုတ်လ ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၄ လက်မခန့်သာကျန်ရှိသဖြင့် ၁ ပေ ၉ လက်မခန့် ကျဆင်းသွားကြောင်း၊



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဝဝန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်နိုင်ရန် လုပ်ငန်းများဆောင်ရွက်စဉ်။

ကျောင်းကုန်းမြို့နယ်တွင် ဝဝန်မြစ်ရေသည် ဩဂုတ်လ ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၁ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့်အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ ကင်ညာနိုင်ငံသားသုံးဦး၊ ယူဂန်ဒါနိုင်ငံသား သုံးဦးနှင့် ရဝမ်ဒါနိုင်ငံသားနှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၂ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ ကင်ညာနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့်ရဝမ်ဒါနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကျန်းမာသောမြေဆီလွှာမှသည် ရေရှည်တည်တံ့မည့်စိုက်ပျိုးရေးဆီသို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

စိုက်ပျိုးရေးကိုအခြေခံသည့်မြန်မာနိုင်ငံတွင် စပါး၊ ဆီထွက်သီးနှံများနှင့် ပဲမျိုးစုံအပါအဝင် သီးနှံမျိုးစုံကို နှစ်စဉ် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ လယ်ယာကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ အဓိကအသက်သွေးကြောဖြစ်ပါသည်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးမြေများကျန်းမာရန်လိုပါသည်။ မြေဆီလွှာကျန်းမာရေးဆိုသည်မှာ မြေဆီလွှာသည် သက်ရှိစနစ်တစ်ခုအဖြစ်ရှင်သန်ပြီး အပင်၊ သတ္တဝါနှင့် လူသားများ၏ သက်ရှိဘဝများကို ရေရှည်တည်တံ့အောင် ထောက်ပံ့ကူညီပေးနိုင်သည့် စွမ်းဆောင်နိုင်ရည်ဖြစ်ပါသည်။ ကျန်းမာသောမြေဆီလွှာသည် အထွက်နှုန်းကောင်းပြီး ရေရှည်တည်တံ့မည့်စိုက်ပျိုးရေးအတွက် မဖြစ်မနေလိုအပ်သောအခြေခံအုတ်မြစ်ဖြစ်ပါသည်။

မြေဆီလွှာတစ်ခု ကျန်းမာခြင်း ရှိ၊ မရှိကို ရုပ်ပိုင်းဆိုင်ရာ၊ ဓာတ်ပိုင်းဆိုင်ရာနှင့် ဇီဝပိုင်းဆိုင်ရာ ဂုဏ်သတ္တိသုံးမျိုးဖြင့် တိုင်းတာဆန်းစစ်ရပြီး အဆိုပါဂုဏ်သတ္တိတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်နေကြပါသည်။ ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိများအနေဖြင့် မြေဆီလွှာ၏ဖွဲ့စည်းပုံ မြေသားအနု၊ အကြမ်း၊ မြေစိုင်ခဲလေးများ၏ တည်ဆောက်ပုံကောင်းမွန်ရပါမည်။ မြေဆီလွှာသည် ကျစ်လျစ်သိပ်သည်းမှုနည်းပြီး လေပေါက်၊ ရေပေါက်များမျှတစွာရှိနေမှသာလျှင် ရေစိမ့်ဝင်နိုင်စွမ်းနှင့် ရေထိန်းစွမ်းအားကောင်းမွန်ကာ သီးနှံအမြစ်များအလွယ်တကူထိုးဆင်းနိုင်မည်ဖြစ်ပါသည်။ ဓာတ်ဂုဏ်သတ္တိအနေဖြင့် သီးနှံများအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များပေါကြွယ်ဝပြီး သင့်တင့်မျှတသည့် မြေချဉ်ငန်ဓာတ်ရှိသင့်သလို ရေပျော်ဆားပါဝင်မှုနည်းပါး၍ ဓာတ်ဖလှယ်နိုင်စွမ်း မြင့်မားရန်လည်းလိုပါသည်။

မြေကြီးသည် အပင်များပေါက်ရောက်ရန် သက်မဲ့ကြားခံနယ်သက်သက်မဟုတ်ဘဲ သက်ရှိစနစ်တစ်ခုဖြစ်သဖြင့် ဇီဝပိုင်းဆိုင်ရာဂုဏ်သတ္တိအနေဖြင့် အကျိုးပြုအဏုဇီဝပိုးမွှားများ၊ သဘာဝအတိုင်း မြေကြီးကို ထွန်ယက်ပေးသည့် တီကောင်၊ ပုရွက်ဆိတ် စသည့် သာမန်မျက်စိဖြင့်မြင်နိုင်သောသက်ရှိများနှင့် မြေဆွေးဓာတ်ဖြစ်သည့် အော်ဂဲနစ်ပစ္စည်းများလုံလောက်စွာပါဝင်ရပါမည်။

**စိုက်ပျိုးမြေများကို သဘာဝနည်းလမ်းများ နှင့် စနစ်တကျပြုပြင်ထိန်းသိမ်းခြင်းဖြင့် တောင်သူလယ်သမားများသည် စိုက်ပျိုး စရိတ်ကုန်ကျမှုကို လျှော့ချနိုင်မည့်အပြင် အနာဂတ်မျိုးဆက်များအတွက် စားရေရိက္ခာ များကို ဖူလုံစွာထုတ်လုပ်ပေးနိုင်မည်ဖြစ် . . .**

မြေဆီလွှာ တစ်လက်မခန့်ဖြစ်ပေါ်လာရန် နှစ်ပေါင်း ၅၀၀ မှ ၁၀၀၀ ခန့်အထိ ကြာမြင့်နိုင်သဖြင့် မြေဆီလွှာသည် အစားထိုးမရနိုင်သော အရင်းအမြစ် (non-renewable resource)ဖြစ်ပါသည်။ သို့သော် အောက်ဖော်ပြပါ သဘာဝဘေးအန္တရာယ်နှင့် လူသားတို့၏ မှားယွင်းသော စီမံခန့်ခွဲမှုများကြောင့် ကောင်းမွန်သည့်အပေါ်ယံမြေဆီလွှာများသည် အချိန်အနည်းငယ်အတွင်း ပျက်စီးသွားနိုင်ပါသည်-

**(က) ရာသီဥတုပြောင်းလဲလာမှု**-အပူချိန်လွန်ကဲမှုကြောင့် မြေအတွင်းရှိ အော်ဂဲနစ်ပစ္စည်းများ မြန်ဆန်စွာ ဆွေးမြည့်ပျောက်ကွယ်သွားရပါသည်။ အချိန်အခါမဟုတ်မိုးရွာခြင်းနှင့် အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် အပေါ်ယံမြေဆီလွှာကောင်းများ ရေတိုက်စားခြင်း၊ မြေတွင်းရှိအာဟာရဓာတ်များဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်စေပါသည်။

**(ခ) သစ်တောပြုန်းတီးခြင်း** – ယနေ့ခေတ်ကာလတွင် မြို့ပြဖွံ့ဖြိုးမှုများပြားလာသည်နှင့်အမျှ သစ်တောပြုန်းတီးမှုများလည်း ပိုမိုမြင့်မားလာပါသည်။ သစ်တောများပြုန်းတီးလာ၍ မြေတွင်းတွင် ကာဗွန်သိုလှောင်နိုင်မှုကျဆင်းပြီး ရာသီဥတုပြောင်းလဲမှုများလည်း ပိုမိုဖြစ်ပေါ်လာပါသည်။ အကျိုးဆက်အနေဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် အပူချိန်မြင့်မားခြင်း၊ လေတိုက်စားခြင်း၊ ရေတိုက်စားခြင်းတို့ကြောင့် မြေဆီလွှာပျက်စီးဆုံးရှုံးမှုများပိုမိုများပြားလာပါသည်။

**(ဂ) သီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်ပျိုးခြင်း** – သီးနှံတစ်မျိုးတည်းကို ဆက်တိုက်စိုက်ပျိုးခြင်းကြောင့် မြေတွင်းတွင် အာဟာရဓာတ်မညီမျှခြင်းကိုဖြစ်ပေါ်စေကာ မြေဆီလွှာအရည်အသွေး မြန်ဆန်စွာကျဆင်းလာပြီး ရေရှည်တွင်မြေဆီလွှာပျက်စီးစေပါသည်။

**(ဃ) မြေကိုအနားမပေးဘဲ စိုက်ပျိုးခြင်း** – မြေကို အနားမပေးခြင်း၊ သဘာဝမြေဆွေးနှင့် သဘာဝမြေဩဇာများကို ထည့်သွင်းခြင်းမပြုဘဲ ဆက်တိုက်စိုက်ပျိုးလာခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာများကို အလွန်အကျွံအသုံးပြုလာခြင်း စသည်တို့ကြောင့်လည်း မြေဆီလွှာပျက်စီးလာရပါသည်။




သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ထည့်သွင်းခြင်း

**(င) စက်ကိရိယာများ အသုံးပြုခြင်း** – ထွန်ယက်/ရိတ်သိမ်းရာတွင် စက်ကြီးများကို လွန်ကဲစွာအသုံးပြုခြင်းကြောင့် မြေအောက်ခြေတွင် မြေကျပ်လွှာ (Hardpan) ဖြစ်ပေါ်လာပြီး သီးနှံအမြစ်ထိုးဆင်းရန်နှင့် ရေစိမ့်ဝင်ရန် ခက်ခဲလာနိုင်ပါသည်။ အထူးသဖြင့် မြေစေးမြေများတွင် အစိုဓာတ်ရှိနေသည့်အချိန်၌ စက်ကြီးများအသုံးပြုပါက မြေအောက်တွင် မြေကျပ်လွှာဖြစ်ပေါ်နိုင်ပါသည်။

**(စ) မသန့်ရှင်းသော သွင်းရေများ** – သီးနှံများစိုက်ပျိုးရာတွင် သဘာဝမိုးရေဖြင့် မလုံလောက်သည့်အခါ ရေသွင်းပေးရပါသည်။ ထိုသို့ရေသွင်းရာ၌ ဆားပါဝင်မှုမြင့်မားသည့်ရေနှင့် စက်ရုံ/အလုပ်ရုံများမှ စွန့်ပစ်ရေများ၊ မြို့ပြစွန့်ပစ်ရေများကိုအသုံးပြုပါက ရေရှည်တွင်မြေဆီလွှာ၏ဂုဏ်သတ္တိများကို ထိခိုက်စေနိုင်ပြီး မြေဆီလွှာကျန်းမာရေး ကျဆင်းစေပါသည်။

**(ဆ) ရိုးပြတ်နှင့် လယ်ယာစွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း** – စိုက်ခင်းရိုးပြတ်များ၊ သီးနှံအကြွင်းအကျန်များကို မီးရှို့ပစ်ခြင်းကြောင့် မြေတွင်းရှိ အကျိုးပြုသက်ရှိသတ္တဝါများ သေဆုံးခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်ပြီး မြေဆီလွှာပျက်စီးဆုံးရှုံးမှုများ ဖြစ်လာပါသည်။

ထို့ကြောင့်သီးနှံများစိုက်ပျိုးရာ၌ မြေဆီလွှာအား ထိခိုက်ပျက်စီးနိုင်ခြေအနည်းဆုံးဖြစ်စေပြီး အာဟာရဓာတ်သံသရာလည်မှုကို အများဆုံးမြှင့်တင်ပေးနိုင်သည့် မြေဆီလွှာကျန်းမာရေးစီမံခန့်ခွဲမှုစနစ်များကို လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ ကျဆင်းလာသော မြေဆီလွှာကျန်းမာရေးကိုပြန်လည်ကုစားနိုင်ရန်အတွက် အောက်ပါအချက်များကို စနစ်တကျကျင့်သုံးရပါမည်-

**(က) ထွန်ယက်မှုကိုလျှော့ချခြင်း သို့မဟုတ် လုံးဝမထွန်ယက်ခြင်း**- ထွန်ယက်ခြင်းသည် မြေဆီလွှာ၏ သဘာဝဇီဝဗေဒဆိုင်ရာ သံသရာလည်မှုများကို အနှောင့်အယှက်ဖြစ်စေပြီး မြေဆီလွှာတည်ဆောက်ပုံကို ပျက်စီးစေကာ မြေဆီလွှာတိုက်စားမှုကိုပိုမိုလွယ်ကူစေပါသည်။ ထွန်ယက်မှုကို အနည်းဆုံးလျှော့ချခြင်းဖြင့် မြေဆီလွှာတိုက်စားမှုကို လျှော့ချနိုင်ရုံမျှမက ထွန်ယက်ရသည့်အချိန်နှင့် ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ပါသည်။ ထို့ပြင် အာဟာရဓာတ်သံသရာလည်မှုကို မြှင့်တင်ပေးခြင်းကြောင့်သွင်းအားစုစရိတ်ကို ပိုမိုနည်းပါးစေပါသည်။

**(ခ) သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း** – အမြစ်စနစ်မတူညီသည့် သီးနှံများကို အလှည့်ကျစိုက်ပျိုးခြင်းဖြင့် ၎င်းအပင်များမှ မြေအလွှာအနက်အမျိုးမျိုးတွင်ရှိနေသည့် အာဟာရဓာတ်များကို အလှည့်ကျစုပ်ယူစားသုံးနိုင်ခြင်းကြောင့် မြေတွင်းအာဟာရဓာတ် မျှတစေခြင်း၊ ဖျက်ပိုးနှင့် ရောဂါများကို လျှော့ချပေးခြင်းနှင့် သီးနှံအထွက်နှုန်းကို ပိုမိုကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိစေပါသည်။

**(ဂ) မြေဖုံးသီးနှံများ စိုက်ပျိုးခြင်း** – မြေဖုံးသီးနှံများစိုက်ပျိုးခြင်းဖြင့် မြေဆွေးဓာတ် (အော်ဂဲနစ်ပစ္စည်း) ကိုတိုးပွားစေခြင်း၊ ၎င်းတို့၏ အမြစ်များက ရေစိမ့်ဝင်သည့်လမ်းကြောင်းများ ဖန်တီးပေးခြင်းနှင့် မြေဆီလွှာထိန်းသိမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ မြေဖုံးသီးနှံများသည် မြေဆီလွှာအတွင်း ပိုလျှံနေသော နိုက်ထရိုဂျင်များကို စုပ်ယူထားသဖြင့် မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးမှုကိုကာကွယ်ပေးပြီး နောက်ပိုင်းတွင် စိုက်ပျိုးသီးနှံများအသုံးပြုနိုင်ရန်အတွက်ပြန်လည်ထုတ်လွှတ်ပေးပါသည်။

**(ဃ) တိရစ္ဆာန်များကို အလှည့်ကျလွှတ်ကျောင်းခြင်း** – မွေးမြူရေးတိရစ္ဆာန်များကို မိမိတို့အလိုရှိသည့်နေရာနှင့်အချိန်တွင် အလှည့်ကျလွှတ်ကျောင်း စားသောက်စေခြင်းဖြင့် အာဟာရဓာတ်များနှင့် အော်ဂဲနစ်ပစ္စည်းများကို မြေဆီလွှာတွင်းသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ပါသည်။

**(င) သဘာဝမြေဩဇာများနှင့် အော်ဂဲနစ်ပစ္စည်းများ ထည့်သွင်းပေးခြင်း** – တိရစ္ဆာန် စွန့်ပစ်အညစ်အကြေးများ၊ သဘာဝမြေဩဇာများနှင့် သီးနှံအကြွင်းအကျန်များကိုမြေဆွေးပြုလုပ်၍ မြေတွင်းသို့ ထည့်သွင်းပေးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ပိုင်း၊ ဓာတ်ပိုင်းနှင့် ဇီဝပိုင်းဆိုင်ရာ ဂုဏ်သတ္တိများကို တစ်ပြိုင်နက်တည်း ဖွံ့ဖြိုးတိုးတက်စေပါသည်။

**(စ) ဘက်စုံအာဟာရဓာတ် စီမံခန့်ခွဲမှုစနစ်ကျင့်သုံးခြင်း** – အပင်အတွက်လိုအပ်သောအာဟာရဓာတ်များကို ရင်းမြစ်တစ်ခုတည်း (ဥပမာ-ဓာတ်မြေဩဇာ)မှသာရယူခြင်းမဟုတ်ဘဲ ရရှိနိုင်သော အာဟာရရင်းမြစ်အားလုံးကို အချိုးအစားကျကျပေါင်းစပ်အသုံးပြုသည့် ဘက်စုံအာဟာရဓာတ် စီမံခန့်ခွဲမှုစနစ်ကို မဖြစ်မနေကျင့်သုံးရန်လိုအပ်ပါသည်။ ဓာတ်မြေဩဇာများနှင့်အတူ သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာ၊ သဘာဝမြေဆွေးများနှင့် ဇီဝမြေဩဇာများကိုပါ ထည့်သွင်းအသုံးပြုရပါမည်။

လူဦးရေတိုးတက်လာ၍ စားရေရိက္ခာထုတ်လုပ်မှုလိုအပ်ချက်များ မြင့်မားလာသည်နှင့်အမျှ မြေဆီလွှာကိုကျန်းမာပြီး အထွက်နှုန်းကောင်းမွန်အောင် ထိန်းသိမ်းထားရှိရန်မှာ အလွန်ပင်အရေးကြီးပါသည်။ မြေဆီလွှာကျန်းမာရေးစီမံခန့်ခွဲမှုစနစ်များကို လက်တွေ့ကျင့်သုံးခြင်းဖြင့် အော်ဂဲနစ်ပစ္စည်းများတိုးပွားလာခြင်း၊ မြေဆီလွှာသက်ရှိများ ပိုမိုစုံလင်လာခြင်း၊ မြေကျပ်လွှာဖြစ်ပေါ်မှုကို လျှော့ချနိုင်ခြင်း၊ မြေဆီလွှာတိုက်စားမှုကို လျှော့ချနိုင်ခြင်း၊ အာဟာရဓာတ်သိုလှောင်မှုနှင့် သံသရာလည်မှုများကို တိုးတက်လာစေခြင်း၊ သွင်းအားစုစရိတ်များကို သက်သာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ပါသည်။ ကျန်းမာသောမြေဆီလွှာသည် ရေကို ပိုမိုစုပ်ယူသိုလှောင်နိုင်သည့်အတွက် ရေတိုက်စားခြင်းနှင့် ရေစီးရေလာဆိုးရွားခြင်းတို့၏အန္တရာယ်ကို လျှော့ချပေးသည့်အပြင် သီးနှံများရေလိုအပ်သည့်အချိန်တွင် ရေကိုပိုမိုရရှိစေပါသည်။

စိုက်ပျိုးမြေများကို သဘာဝနည်းလမ်းများနှင့် စနစ်တကျပြုပြင်ထိန်းသိမ်းခြင်းဖြင့် တောင်သူလယ်သမားများသည် စိုက်ပျိုးစရိတ်ကုန်ကျမှုကိုလျှော့ချနိုင်မည့်အပြင် အနာဂတ်မျိုးဆက်များအတွက် စားရေရိက္ခာများကို ဖူလုံစွာထုတ်လုပ်ပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြေဆီလွှာကျန်းမာရေးကို စနစ်တကျစီမံခန့်ခွဲပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ စီးပွားရေးအရတွက်ခြေကိုက်ပြီး လူမှုအဖွဲ့အစည်း၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော ရေရှည်တည်တံ့မည့် စိုက်ပျိုးထုတ်လုပ်မှုစနစ်ဆီသို့ တက်ညီလက်ညီ လှမ်းချီကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်း

**ပဲခူး စက်တင်ဘာ ၈**


ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ယနေ့နံနက်ပိုင်းတွင်(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ခုတင်-၅၀၀ ဆံ့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်သို့ ရောက်ရှိခဲ့ပြီး (၆၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး/ခရိုင်/ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးများရှိ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းတပ်ဖွဲ့ဝင် ၁၅၀ ဦးကျော်မှ စုပေါင်းသွေးလှူဒါန်းနေမှု ကြည့်ရှုအားပေးခဲ့ပြီး အာဟာရဖြည့်စွက်စာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် (၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် လာရောက်သွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၄၁၀)

# မိုင်းရယ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းများကျင်းပ



**မိုင်းရယ် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ကျေးလက်နေပြည်သူများ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းများကို ယနေ့ နံနက်၁၀ နာရီကစတင်ပြီး မန်ကျောင်းကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်းနှင့်မိုင်းဟာမန်မုံကျေးရွာအုပ်စု ကျေးရွာခန်းမတို့တွင် ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် မန်ကျောင်းကျေးရွာအုပ်စု ဘုန်းတော်ကြီးကျောင်းတွင်နံနက်၁၀ နာရီကလည်းကောင်း၊ မိုင်းဟာမန်မုံကျေးရွာအုပ်စုရှိ ကျေးရွာခန်းမ၌ မွန်းလွဲ ၁ နာရီကလည်းကောင်း ပြုလုပ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်နှင့် ဦးစိုင်းခမ်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိုင်းလောင်မုန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများနှင့် မန်ကျောင်းကျေးရွာအုပ်စုနှင့် မိုင်းဟာမန်မုံကျေးရွာအုပ်စုရှိ ပြည်သူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

ယင်းနောက်လွှတ်တော်ကိုယ်စားလှယ်များက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်မိမိတို့ကျေးရွာလိုအပ်သည်များကို တင်ပြနိုင်ကြောင်းပြောကြားကြပြီး မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာလာက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက မန်ကျောင်းကျေးရွာအုပ်စုအတွင်း ကျေးရွာတွင်းလမ်းများ၊ တံတားလိုအပ်ချက်များနှင့် တယ်လီဖုန်းလိုင်းရရှိရေးများကိုလည်းကောင်း၊ မိုင်းဟာမန်မုံကျေးရွာအုပ်စုရှိ ပြည်သူများက ကျေးရွာတွင် လမ်းများလိုအပ်ချက်နှင့် ဆိုလာရရှိရေးများ တင်ပြကြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လတ်တလောဆောင်ရွက်ပေးနိုင်မည့်အခြေအနေများနှင့်အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည့်အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်၊ မြို့နယ်အဆင့် ဆုရရှိသူများကို ပံ့ပိုးငွေပေးအပ်

**မြဝတီ စက်တင်ဘာ ၈**

ကရင်ပြည်နယ် မြဝတီမြို့တွင် ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်၊ မြို့နယ်အဆင့်ပြိုင်ပွဲ၌ ဆုရရှိသူများက ကရင်ပြည်နယ်အဆင့်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စုရပ်ပြုကာ ကရင်ပြည်နယ် ဘားအံမြို့သို့ ထွက်ခွာမည်ဖြစ်ရာ တာဝန်ရှိသူများက ပံ့ပိုးငွေများ ပေးအပ်ခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ပံ့ပိုးငွေများပေးအပ်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်ကြီးကြပ်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မော်အောင်နှင့်အဖွဲ့ဝင် ဦးရဲထွဋ်ပိုင်၊ မြို့နယ်ပညာရေးမှူး ဦးမိုးကျော်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြပြီး ပြည်နယ်အဆင့် ဆက်လက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏ အုပ်ချုပ်သူထံသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က ပံ့ပိုးငွေများကိုပေးအပ်ကာ လိုအပ်သည်များမှာကြားပြီး ပြိုင်ပွဲဝင်များက မြဝတီမြို့မှဘားအံမြို့သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

(၄၀၆)

## ထူးခြားသည့်နေ့အပူချိန်များ

၈-၉-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောက် | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

( က ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

( ဃ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

( ဆ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

( ည ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသော ပြခန်းများအားစိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**❖ စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါအခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားလည်းဖြစ် . . .**

**❖ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိ၊ ကျန်ရှိနေသေးသည့် စာမတတ်သူဦးရေကိုလည်း နှစ်အလိုက်ထိရောက်စွာလျှော့ချနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားကြရမည်ကို အသိပေးမှာကြားလို . . .**

★ ရှေ့ဖုံးမှအဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ်နှင့် ပညာရှင်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများက “လူတိုင်းအတွက် ပညာရေး” တေးသီချင်းဖြင့် သရုပ်ဖော်ကပြ ဂုဏ်ပြုတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းကြောင်းအစသည် ၁၉၆၄ ခုနှစ်က မိတ္ထီလာခရိုင်၊ အရှေ့စံပြကျေးရွာမှစတင်ခဲ့သည့် အရေး၊ အဖတ်၊ အတွက်ဆိုသည့် **“အ”** သုံးလုံးကျေးလှုပ်ရှားမှုဖြစ်ကြောင်း၊ အမျိုးသားရေးလှုပ်ရှားမှုအဖြစ် လူထုအင်အားဖြင့် ဖော်ဆောင်ခဲ့ပြီး အောင်မြင်သည့် ပညာရေးကဏ္ဍသမိုင်းပြယုဂ်တစ်ခုဖြစ်ခဲ့ကြောင်း။

ထိုသို့ လူထုလှုပ်ရှားမှုအနေဖြင့် နိုင်ငံနှင့်အဝန်း အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံသည် ၁၉၇၁ ခုနှစ်တွင်ယူနက်စကို၏ **“မိုဟာမက်ရီဇာ ပါလာဗီဆု”** နှင့် ၁၉၈၃ ခုနှစ်မှာ **“နိုမာဆု”** တို့ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာ့စာတတ်မြောက်ရေးလှုပ်ရှားမှုကို လေးစားစွာအသိအမှတ်ပြုခြင်းခံခဲ့ရခြင်းဖြစ်သဖြင့် မိမိတို့အားလုံး ဂုဏ်ယူရမည့်သမိုင်းမှတ်တိုင်များဖြစ်သကဲ့သို့ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆက်လုပ်ကြရန် တိုက်တွန်းနှိုးဆော်နေခြင်းဖြစ်သည်ဟု ခံယူသွားကြရမည်ဖြစ်ကြောင်း။

စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါအခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက်မရှိမဖြစ်လိုအပ်သည့်အဓိကမောင်းနှင်အားလည်းဖြစ်ကြောင်း၊ လူသားတစ်ယောက် အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာများနှင့်ဘဝကိုရှင်သန်ဖြတ်သန်းနိုင်မည်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများ ဆက်လက်ဆည်းပူးပြီး မှန်ကန်သည့်ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့နိုင်ငံတော်အနေဖြင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးဆို့”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး လူတိုင်းစာတတ်မြောက်စေရန်အတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရပြီး ဆက်လက်၍လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ၃၃ ဒသမ ၉၃ သန်းတွင် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိပြီး၊ စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ အသက်၁၅ နှစ်နှင့်အထက် လူဦးရေ ၃၇ ဒသမ ၂၆ သန်းတွင်စာမတတ်သူ ၄ ဒသမ ၁ သန်းခန့်ရှိပြီး စာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှု တတ်မြောက်နှုန်း ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်၏ကျေးလက်ဒေသနှင့် အစွန်အဖျားနေရာများတွင် ပြည်သူများ၏စာတတ်မြောက်မှုနှုန်း နည်းပါးနေသေးသည်ကိုတွေ့ရှိရကြောင်း၊ ယခင်က တစ်နိုင်ငံလုံး စာမတတ်သူပပျောက်ရေးအတွက် **“အ”** သုံးလုံးသင်တန်းများဆောင်ရွက်ပြီး အောင်မြင်မှုများရရှိခဲ့သည့်အတွက်ယခုအခါတွင် ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသများရှိပြည်သူအားလုံးစာတတ်မြောက်ရေးဆောင်ရွက်ပေးရန် လိုအပ်လာသည့်အတွက် အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း ၉၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိလာခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာတွေ့ရှိရကြောင်း၊ ကျန်ရှိနေသေးသည့် စာမတတ်သူဦးရေကိုလည်း နှစ်အလိုက်ထိရောက်စွာလျှော့ချနိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ကြိုးပမ်းသွားကြရမည်ကို အသိပေးမှာကြားလိုကြောင်း။

**စာမျက်နှာ ၁၆ သို့** ★

# ကျေးလက်ဒေသအစွန်အဖျားနေ တိုင်းရင်းသားပြည်သူများ စာတတ်မြောက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အလေးအနက်ထားဆောင်ရွက် . . .



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ်၊ စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မဂျူးဂျူးခိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

★ စာမျက်နှာ ၁၅ မှ

ယခုနှစ်အတွက် ယူနက်စကိုက ထုတ်ပြန်ထားသည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **“ကမ္ဘာမြေနှင့် လူသားများသာယာဝပြောဖို့စာတတ်မြောက်ရေးမြှင့်တင်စို့” "Literacy for people, the planet, and prosperity"** ဖြစ်ကြောင်း၊ ထိုဆောင်ပုဒ်အရ လူသားတစ်ဦးချင်းစီ၏ စာတတ်မြောက်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်သာမက မိမိနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံး၏ နိုင်ငံရေး၊ ငြိမ်းချမ်းရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းဆောင်ပေးနိုင်သည့်အဓိကအရင်းအမြစ်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသင်ပညာရေး (Formal Education)သာမက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပ ပညာရေး (Non-Formal Education) ဆိုသည့် တန်းညှိပညာရေးအစီအစဉ်များကိုပါ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တန်းညှိပညာရေးအစီအစဉ်များဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် မူလတန်းပညာရေးကို ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများအတွက် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ် (Non-Formal Primary Education-NFPE) နှင့် မူလတန်းအဆင့်ပြီးမြောက်သော်လည်း အလယ်တန်းပညာရေးကို ဆက်လက်မသင်ယူနိုင်ခဲ့သည့်ကလေးများနှင့် လူငယ်များအတွက် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ် (Non-Formal Middle Education-NFME) များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါအစီအစဉ်များသည် ကျောင်းပြင်ပရောက် ကလေးများအတွက် အဖိုးတန်သည့် **“ဒုတိယအခွင့်အရေး”** တစ်ခုဖြစ်သဖြင့် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရများက ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် အစွန်အဖျားများရှိ တိုင်းရင်းသားပြည်သူများ၏အရေးအဖတ်၊ အတွက် အချက်များကို တတ်မြောက်လာစေရန်အတွက်ကိုလည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိတိုင်းရင်းသားစာပေနှင့် အသင်းအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပညာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကျေးလက်ဒေသအစွန်အဖျားနေ တိုင်းရင်းသားပြည်သူများ စာတတ်မြောက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အလေးအနက်ထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ တစ်ဆက်တည်းတွင် စာတတ်ပေတတ်၊ အတတ်ပညာရှင်အဖြစ်နဲ့သာ ကျေနပ်ရောင့်ရဲမနေကြဘဲ ဘဝအတွက် ပိုမိုပြည့်စုံရန်၊ ဗဟုသုတကြွယ်ဝရန်၊ အသိပညာပြည့်ဝရန်အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်ကိုလည်း စီမံဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို အားပေးဆောင်ရွက်ပေးနေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ပညာဆိုသည်မှာ ရှာဖွေလေ့လာ၍ မကုန်နိုင်သည့်အတွက်မိမိတို့အားလုံးသည်စာတတ်သူတိုင်း စာဖတ်ကြရေးနှင့် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းအဖြစ် ရှင်သန်ရပ်တည်နိုင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာမတတ်သူဦးရေ ပပျောက်ရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ယခု ၂၀၂၆ ခုနှစ်အတွင်းတွင် သိသာထင်ရှားသည့် အောင်မြင်မှုများကို ရရှိခဲ့ကြောင်း၊ အထူးသဖြင့် ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင်ရှိသည့် သတ်မှတ်မြို့နယ်များတွင်အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် အောင်မြင်မှုရလဒ်များရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထိုသို့ အောင်မြင်ရခြင်းသည် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များက ကိုယ်တိုင်ကိုယ်ကျ အားတက်သရော ပါဝင်ပံ့ပိုးပေးသကဲ့သို့ ဒေသခံပြည်သူလူထု ကိုယ်တိုင်ကလည်း စာတတ်မြောက်ရေးသည် ဘဝတိုးတက်ရေးအတွက် အရေးကြီးသည်ဆိုသည်ကိုသိမြင်ပြီး စိတ်ဝင်စားတက်ကြွစွာပါဝင်လာကြခြင်းကြောင့်ဖြစ်ကြောင်း၊ အထူးသဖြင့် အခြေခံပညာ ဆရာ၊ ဆရာမများက မိမိတို့၏ ပုံမှန်တာဝန်များအပြင် ဒေသခံများ စာတတ်မြောက်ရန်အတွက် ကိုယ်ပိုင်အချိန်များထဲမှ စေတနာအပြည့်ဖြင့် ကူညီပံ့ပိုးပေးခဲ့မှုများကြောင့်ဖြစ်



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

---

**❖ ကာလိ(၁)ကြိုးပြင်မှ**

ဧရိယာအကျယ်အဝန်း (၄၂၀၃၀) ဧကရှိသောနယ်မြေကို **“ကာလိ(၁) ကြိုးပြင်ကာကွယ်တော”** အဖြစ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၄) ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)မှစ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုကောင်းမွန် မျှတလာစေရန်၊ သစ်တောထွက်ပစ္စည်းများစဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိပြီး အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေများတွင် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများတိုးချဲ့ဖွဲ့စည်းလာနိုင်ခြင်းဖြင့် သစ်တောနယ်မြေများ တိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ကာလိ(၁)ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ သစ်ရာ၊ ထောက်ကြံ့၊ သစ်စေး၊ ဆီးဖြူ၊ ဖန်ခါး၊ သစ်ယား၊ သစ်မကျီး၊ ရင်းတိုက်၊ ရင်းစပ်၊ လက်ပံပင်များ ပေါက်ရောက်ပြီး ဝါးပိုးဝါး၊ မြင်ဝါး၊ သိုက်ဝါးများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ ချေ၊ တောကြောင်၊ ကြက်တူရွေး၊ ဗျိုင်းငှက်များ၏ နေရင်းဒေသများထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန








နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်လေးများ၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

❖ **စာတတ်မြောက်ခြင်းသည် အသိပညာဗဟုသုတများ တိုးပွားစေရုံတင်မကဘဲ တစ်ဦးချင်းစီ၏ လူနေမှုဘဝကိုပါ မြင့်မားစေမည်ဖြစ်၊ "လူတိုင်းအတွက်ပညာရေး" ဆိုသည့်အတိုင်း ကျေးလက်ဒေသနှင့် အစွန်အဖျားဒေသများပါမကျန် ပြည်သူအားလုံးစာတတ်မြောက်ရန် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေးအစီအစဉ်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

သည်ကို ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပြောကြားလိုကြောင်း။

စာတတ်မြောက်ခြင်းသည် အသိပညာဗဟုသုတများ တိုးပွားစေရုံတင်မကဘဲ တစ်ဦးချင်းစီ၏ လူနေမှုဘဝကိုပါ မြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **"လူတိုင်းအတွက်ပညာရေး"** ဆိုသည့်အတိုင်း ကျေးလက်ဒေသနှင့် အစွန်အဖျားဒေသများပါမကျန် ပြည်သူအားလုံးစာတတ်မြောက်ရန် အခြေခံစာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် ကျောင်းပြင်ပရောက်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းနှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိအောင် ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာရှင်များနှင့် မိဘပြည်သူအားလုံးက လက်တွဲညီညီဖြင့် ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် စာတတ်မြောက်ခြင်းမှတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းထားသော ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ အတူတကွချီတက်ကြပါစို့ဟုတိုက်တွန်းပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက်နိုင်ငံတော်သမ္မတက ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထားဝယ်ပညာရေးဒီဂရီကောလိပ်၊ စတုတ္ထနှစ် (သိပ္ပံဘာသာတွဲ)မှ မောင်စိုင်းသူထွေး၊ ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ်၊ စတုတ္ထနှစ်(သိပ္ပံဘာသာတွဲ)မှ မဂျူးဂျူးခိုင်၊ တတိယဆုရရှိသည့် မြိတ်တက္ကသိုလ်၊ တတိယနှစ်(ဂုဏ်ထူးတန်း)၊ ဓာတုဗေဒမှ မောင်ဇော်လှိုင်မျိုးတို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညိုစောက ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ၂၀၂၆ ခုနှစ်၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် ကဗျာပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုများနှင့် ကျောင်းပြင်ပ ပညာရေးကဏ္ဍများ အလိုက်ကြိုးပမ်းဆောင်ရွက်နေမှုများ မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြသည်။

ယင်းနောက်အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် ကောင်စီနယ်မြေမှ ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်လေးများက "စေတနာပန်းတို့လန်းရာမြေ" သီချင်းဖြင့်ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်လေးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

---

**● ရန်ကုန်ယူနိုက်တက်မှ**

ထိုသို့ မြန်မာအမျိုးသားကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လာအိုအမျိုးသားကလပ် EZRA FC အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဘောလုံးပရိသတ်များနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် မြန်မာအမျိုးသားကလပ် ရန်ကုန်ယူနိုက်တက်အသင်းက လာအိုအမျိုးသားကလပ် EZRA FC အသင်းကို ၂ ဂိုး ၁ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသားကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲစဉ် အနိုင်ရရှိသည့်အတွက် AFC CHALLENGE LEAGUE 2026/ 2027 ပြိုင်ပွဲ အုပ်စုအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

**❍ ကျောဖုံးမှအဆက်**


မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထိန်းချုပ်ထားသည့် ကမမောင်း-ဖာပွန် လမ်းကြောင်းအား နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်မှုနေရာပြမြေပုံ။




❒ **ကျောဖုံးမှအဆက်**

ပူးပေါင်းအဖွဲ့များက ပြည်သူလူထုအတွက် မငဲ့ကွက်ဘဲ ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ဒေသတွင်းအဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်စေရန် ရည်ရွယ်၍ ကမမောင်း-ဖာပွန်သွားကားလမ်းမကြီးအား ထိန်းချုပ်နိုင်ရန်အတွက် လမ်းကြောင်းတစ်လျှောက်၌ လုံခြုံရေးဆောင်ရွက်နေသော တပ်စခန်းငယ်များအား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ အင်အားအလုံးအရင်းဖြင့် Drone များ၊ လက်နက်ကြီးများအသုံးပြုကာ အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်များဖြင့် အကောင်းဆုံးကြံ့ကြံ့ခံ ခုခံခဲ့ကြသော်လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက အင်အားများအဆက်မပြတ်ဖြည့်တင်းကာ ဝိုင်းပတ်ပိတ်ဆို့တိုက်ခိုက်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါဒေသရှိပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်အတွက် စစ်နည်းဗျူဟာမြောက် ယာယီဆုတ်ခွာပေးခဲ့ရသဖြင့်အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ကမမောင်း-ဖာပွန်သွားကားလမ်းမကြီးအား ယာယီစိုးမိုးထိန်းချုပ်ခဲ့ပြီး အဖျက်အမှောင့်လုပ်ငန်းမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။

KNU ၊ KNLA အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည် အဆိုပါလမ်းကြောင်း **စာမျက်နှာ ၁၉ သို့** ❒




တပ်မတော်စစ်ကြောင်းများက ကမမောင်း-ဖာပွန်လမ်းကြောင်းရှိ ကျေးရွာများအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် ပစ်ကျင်း၊ ဘန်ကာများကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိသည့် ပစ်ကျင်း၊ ဆက်သွယ်ရေးမြောင်းများကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

❑ **စာမျက်နှာ ၁၈ မှ**

တစ်လျှောက်အား ယာယီစိုးမိုးထားစဉ်အတွင်း လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသွားလာနေသော ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများ အဆမတန်ကောက်ခံခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်း၊ လက်နက်အားကိုးဖြင့် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသည့် စစ်ရေးပစ်မှတ်မဟုတ်သော ရေပူတံတား၊ မိုင် (၄၀) တံတား၊ ကညင်ဒုံတံတားတို့အပါအဝင်လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ မြေဖြတ်ကျင်းများတူး၍ အတားအဆီးပြုလုပ်ခြင်း







**တပ်မတော်စစ်ကြောင်းများက ကမမောင်း-ဖာပွန်လမ်းကြောင်းရှိ ကျေးရွာများအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။**




အကြမ်းဖက်သောင်းကျန်းသူများက ဆက်သွယ်ရေးလမ်းကြောင်းများအား မြေဖြတ်ကျင်းများပြုလုပ်၍ ဖျက်ဆီးထားမှုကိုတွေ့ရစဉ်။

စသည့်အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်းခရီးသွားပြည်သူများနှင့်ကုန်တင်ယာဉ်တို့မှာ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများ နှောင့်နှေး၍ဒေသတွင်းစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာခဲ့ရသည်။ ထို့ပြင် ခရီးသွားလာမှု ကန့်သတ်လာခြင်းနှင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ လမ်းကြောင်းပိတ်ဆို့မှုများကြောင့် အဆိုပါဒေသအတွင်းရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကျောင်းသားလူငယ်များ၏ပညာရေးကဏ္ဍတွင် အဟန့်အတားများဖြစ်ပေါ်မှုနှင့် စီးပွားရေးကျဆင်းလာမှုတို့ကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ တဖြည်းဖြည်းချွတ်ခြုံကျဆင်းလာခဲ့ကြောင်း သိရှိရသည်။

ထို့ကြောင့် အဆိုပါလမ်းကြောင်းတစ်လျှောက်အားပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝများကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများက ကမမောင်းမြို့တွင် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး ၂၀၂၆ ခုနှစ် မေလ ၅ ရက်မှစ၍ စစ်ကြောင်းများခွဲကာ လမ်းကြောင်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြရာ မေလ ၈ ရက်နေ့တွင် ကျောက်ကွင်းလေးကျေးရွာအားလည်းကောင်း၊ မေလ ၁၀ ရက်နေ့တွင် ဝက်သိုးခိုကျေးရွာနှင့် မီဇိုင်းချောင်းဖျားကျေးရွာတို့အားလည်းကောင်း၊ မေလ ၁၆ ရက်နေ့တွင်နေကကျေးရွာအားလည်းကောင်း၊ မေလ ၁၈ ရက်နေ့တွင် ရေပူကျေးရွာအားလည်းကောင်း၊ မေလ ၂၄ ရက်နေ့တွင် မိုင် (၄၀) ကျေးရွာအားလည်းကောင်း၊ မေလ ၃၁ ရက်နေ့တွင်နိုခဲဒိုကျေးရွာနှင့် ဘောကျိုထကျေးရွာတို့အား

**စာမျက်နှာ ၂၀ သို့** ❑



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် မိုင်(၄၀)တံတား ပျက်စီးနေမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရေပူတံတားပျက်စီးနေမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် မိုင်(၄၀)တံတား အရှည်(၃၀)ပေ သံပေါင်ဘေလီတံတား ပြန်လည်တည်ဆောက်ရာတွင် တံတားတည်ဆောက်ရေးပစ္စည်းများ သယ်ဆောင်နေမှုကို တွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရေပူတံတား အရှည်(၄၅)ပေအား သံပေါင်ဘေလီတံတား ပြန်လည်တည်ဆောက်နေမှုကိုတွေ့ရစဉ်။



တံတားတည်ဆောက်ရေးပစ္စည်းများ စုပုံထားရှိမှုကိုတွေ့ရစဉ်။



တံတားတည်ဆောက်ရေးပစ္စည်းများ သယ်ဆောင်နေမှုကိုတွေ့ရစဉ်။



အုန်းတောဖက်ဆိပ်မှ ရေပူတံတားသို့ ပို့ဆောင်ရန် ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



တံတားလက်ရန်းများ ဖြုတ်ချပြီး လုပ်ငန်းစတင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



သံပေါင်ဘေလီတပ်ဆင်နေမှုကို တွေ့ရစဉ်။



ကြမ်းခင်းခင်းကျင်းနေမှုကို တွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် မိုင်(၄၀)တံတား အရှည်(၃၀)ပေ သံပေါင်ဘေလီတံတား ပြန်လည်တည်ဆောက်မှုကိုတွေ့ရစဉ်။



မိုင်(၄၀)တံတားသို့ တည်ဆောက်ရေးပစ္စည်းများ ရောက်ရှိမှုကို တွေ့ရစဉ်။



သံပေါင်ဘေလီတပ်ဆင်နေမှုကို တွေ့ရစဉ်။



ကြမ်းခင်းရက်မတန်းများတပ်ဆင်နေမှုကို တွေ့ရစဉ်။



ကြမ်းခင်းတုံးများ ခင်းကျင်းနေမှုကိုတွေ့ရစဉ်။

❑ စာမျက်နှာ ၁၉ မှ

လည်းကောင်း၊ ဇွန်လ ၃ ရက်နေ့တွင် ကတိုင်တိကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၃ ရက်နေ့တွင် ဘောကျို့လယ်ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၄ ရက်နေ့တွင် ရှမ်းရွာကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၇ ရက်နေ့တွင် တောင်သူစုကျေးရွာအားလည်းကောင်း၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ဖာလုံလေးကျေးရွာအားလည်းကောင်း၊စက်တင်ဘာလ ၇ ရက်နေ့တွင် ကမမောင်း-ဖာပွန်လမ်းကြောင်းပေါ်ရှိ မိုင်တိုင်အမှတ်၊ ၂၈/၅ မိုင်၏ အရှေ့ဘက်မီတာ ၁၈၀၀ ခန့်အကွာ ဖာလုံကြီးကျေးရွာအားလည်းကောင်းပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ



အကြမ်းဖက်သောင်းကျန်းသူများက ဆက်သွယ်ရေးလမ်းကြောင်းများအား မြေဖြတ်ကျင်းများပြုလုပ်၍ ဖျက်ဆီးထားမှုကိုတွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ၅၆ ကြိမ်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ ယာယီခြေကုပ်စခန်း ၁၁ ခု၊ ရန်သူ့အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၅ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ FPV Drone ၂၄ စင်း၊ မိုင်းမျိုးစုံ ၂၄၃ လုံး၊ လမ်းလျှောက်စကားပြောစက်များ၊အသုံးအဆောင်ပစ္စည်းများကို သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်နှင့်တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ကြရသည်။

ထို့ပြင် တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ပြီး တစ်ဖက်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယုတ်မာရိုင်းစိုင်းစွာမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားများအား စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ရာ ရေပူတံတားအား ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင်လည်းကောင်း၊ မိုင် ၄၀ တံတားအား ဇွန်လ ၂၄ ရက်တွင်လည်းကောင်း၊ ကညင်ဒုံတံတားအား ဩဂုတ်လ ၂၄ ရက်တွင်လည်းကောင်း ပြန်လည်ပြုပြင်ဆောက်လုပ်ပြီးစီးခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ အဆိုပါလမ်း၊ တံတားများပေါ်တွင် ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် ကမမောင်း-ဖာပွန်လမ်းကြောင်းရှိ ကျန်ရှိနေသည့် ဖာလုံကြီး-ဖာပွန် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည့် အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ဘာသာတရားနဲ့ ရဟန်းသံဃာတော်တွေကို ခုတုံးလုပ်သွေးခွဲသတ်ဖြတ်နေကြတဲ့ အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၉-၉-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ၁၆-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်တွေကို ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF များ ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# တောင်ကြီးမြို့နယ် ထီအုံကျေးရွာ၌ ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ထီအုံကျေးရွာ၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာအဝင်လမ်း ၂ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ရှမ်းပြည်နယ်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလင်းအောင်ဆွေနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကံကြီးရပ်ကွက်သို့သွားရောက်၍ ဩဂုတ်လ ၅ ရက်မှ စက်တင်ဘာလ ၂၅ ရက်အထိ ဖွင့်လှစ်လျက်ရှိသည့် အခြေခံနှင့်မွမ်းမံ စက်ချုပ်သင်တန်းတက်ရောက်နေကြသော သင်တန်းသူ ၁၅ ဦးကို တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းသူများချုပ်ထားသော အဝတ်အထည်များကို ကြည့်ရှု၍ တောင်ကြီးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၊ ဦးစီးဌာန ၄ ခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး စာရိပ်သာ၊ စာသင်ဆောင်၊ ကွန်ပျူတာခန်းနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ တောင်ကြီးမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ လက်ရက်ကန်း ၆ လသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ ၁ နှစ်သင်တန်း၊ စက်ရက်ကန်းသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း တက်ရောက်နေကြသော သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ရက်ကန်းထည် အရောင်းပြခန်း၊ သင်တန်းခန်းမနှင့် စာရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ကလောမြို့နယ် ဘော်နင်းရွာသစ်စံပြကျေးရွာသို့ သွားရောက်၍ စော်ဘွားခန်းမတွင် ကျေးရွာကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့်တွေ့ဆုံ၍ ခေတ်မီစံပြကျေးရွာ(Smart Village) စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၉-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၇၁၀ | ၃၈၆၅ | ၃၈၁၅ | ၃၇၂၅ | ၃၈၆၅ | ၃၈၈၀ | ၃၉၁၅ | ၃၇၉၅ | ၄၁၆၀ | ၄၁၉၀ | ၃၈၁၅ | ၃၉၃၀ | ၃၉၀၅ | ၃၈၆၅ | ၃၈၇၅ | ၄၁၀၅ |
| 95 Ron | ၃၈၁၅ | ၃၉၇၀ | ၃၉၂၀ | ၃၈၃၀ | ၃၉၇၅ | ၃၉၈၅ | ၄၀၂၀ | ၃၉၀၀ | ၄၂၇၀ | ၄၂၉၅ | ၃၉၂၀ | ၄၀၅၀ | ၄၀၁၀ | ၃၉၇၀ | ၃၉၈၀ | ၄၂၁၀ |
| HSD (500 ppm) | ၄၂၄၀ | ၄၃၈၅ | ၄၃၄၀ | ၄၂၅၅ | ၄၃၉၀ | ၄၄၀၅ | ၄၄၃၅ | ၄၃၂၀ | - | ၄၇၀၀ | ၄၃၄၀ | ၄၈၅၀ | ၄၄၂၅ | ၄၃၈၅ | ၄၃၉၅ | ၄၆၁၅ |
| HSD (50 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၅၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | ၅၅၉၀ | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |
| HSD (10 ppm) | ၅၁၄၀ | ၅၂၉၅ | ၅၂၄၅ | ၅၁၅၅ | ၅၂၉၅ | ၅၃၁၀ | ၅၃၄၅ | ၅၂၂၅ | | ၅၆၂၀ | ၅၂၄၅ | ၅၃၈၅ | ၅၃၃၅ | ၅၂၉၅ | ၅၃၀၅ | ၅၅၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၅၁၀ | ၃၆၁၄ |
| 95 Ron | ၃၆၁၃ | ၃၇၁၉ |
| HSD (500 ppm) | ၄၀၃၇ | ၄၁၄၇ |
| HSD (50 ppm) | ၄၈၉၅ | ၅၀၂၃ |
| HSD (10 ppm) | ၄၈၉၅ | ၅၀၂၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

MYAWADY IN ENGLISH DAILY EDITION

# President of the Republic of the Union of Myanmar H.E. U Min Aung Hlaing to make State Visit to the Kingdom of Cambodia

**NAY PYI TAW September 8**

At the invitation of His Majesty Preah Bat Samdech Preah Boromneath NORODOM SIHAMONI, King of the Kingdom of Cambodia, President of the Republic of the Union of Myanmar His Excellency U Min Aung Hlaing will pay a StateVisit to the Kingdom of Cambodia in the near future.

During the visit, the President of Myanmar will meet with the President of the Senate(Acting Head of State) of Cambodia and hold bilateral talks, meet with the Prime Minister of Cambodia and the President of the National Assembly of Cambodia. Furthermore, the itinerary includes visits to prominent sites and ancient pagodas.

During the visit, the President will hold cordial discussion and exchange views on further consolidation of the existing friendly relations, promotion of mutually beneficial cooperation between the two governments, parliaments and peoples, as well as cooperation across economic, cultural, and various other sectors.

The President will be accompanied by Union Ministers and officials during the visit.

**Myawady**

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses 2026 International Literacy Day

**NAY PYI TAW September 8**

The 2026 International Literacy Day was observed at the Convocation Hall of the Naypyitaw State Academy in Nay Pyi Taw this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

On arrival at the venue, the President was warmly welcomed by officials and students.

The President and attendees toured the booths at the 2026 International Literacy Day commemorative exhibition with keen interest.

Also present on the occasion together with the President were Vice President U Nyo Saw and Daw Nan Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi, Speaker of Amyotha Hluttaw U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, union ministers and union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander, deputy ministers, the secretary-general of the Myanmar National Commission for UNESCO and distinguished academics, departmental personnel, teachers, students and invited guests.




President U Min Aung Hlaing delivers an address at the 2026 International Literacy Day.

The ceremony commenced with a dance to the accompaniment of the song "Education for All" staged by students from No. 6 Basic Education High School, Zabuthiri Township, Nay Pyi Taw.

In his address, the President said the history of Myanmar's literacy campaign began with the Three Rs (Reading, Writing, and Arithmetic) activity launched in East Sanpya Village, Meikhtila District, in 1964. The Three Rs campaign, launched through mass involvement as a national movement, stands as a successful milestone in the educational history.

Due to the mass involvement all across the country, the literacy movement in Myanmar won the **Mohammad Reza Pahlavi Prize** of the UNESCO in 1971, and the **Noma Literacy Prize** in 1983. Myanmar's literacy campaign was international recognized with due respect. Hence, these successes were the historic milestones for all of us to be proud of. Besides, people must see them as the clarion calls for the continuation of the literacy campaign.

Literacy is a fundamental, inherent right of every human being. It is also the driving force essential for human resources development. Only literate individuals can truly survive, develop, and thrive in life through the knowledge they have acquired. Moreover, they will be able to fully participate in the human society by pursuing academic and general knowledge and through correct decision-making ability. In this regard, the State is promoting the education sector as a special priority in accord with the motto **"Let us ensure education sector for the development of the Nation."** The Education Ministry is successfully implementing basic literacy programs to ensure that everyone becomes literate. The Ministry should continue

SEE PAGE - 22

**FROM PAGE - 21**

its basic literacy programs with greater momentum.

The 2014 population and housing census shows that out of a population of 33.93 million people aged 15 and above, approximately 3.55 million were illiterate, with a literacy rate of 89.5 percent; and according to the inter census in 2019, out of a population of 37.26 million people aged 15 and above, around 4.1 million were illiterate, with a literacy rate of 89.1 percent, and a numeracy rate of 89.5 percent.

The President noted that literacy rates remain low among the public in rural and remote areas of the country. He mentioned that while the **"3Rs"** (Reading, Writing, and Arithmetic) literacy campaign achieved success in eradicating illiteracy nationwide in the past, renewed emphasis has been placed on promoting literacy among all residents in rural and remote regions today. Consequently, he highlighted with satisfaction that according to the 2024 census, Myanmar's literacy rate has reached 92.1 percent, and numeracy rate has reached 92.3 percent. He urged all concerned to continue striving as a national duty to effectively reduce the remaining illiterate population year by year.

He stated that UNESCO's theme for International Literacy Day this year is **"Literacy for people, the planet, and prosperity."** He noted that under this theme, individual literacy serves as a vital resource that drives political, peace, social, economic, cultural, and environmental development for society as a whole, as well as for the nation and the world.

He noted that the Ministry of Education is placing emphasis on implementing non-formal education and equivalence programs for those who missed formal schooling, alongside formal education.

He stated that non-formal education equivalence programs, such as Non-Formal Primary Education (NFPE) for children who missed or dropped out of primary school, and Non-Formal Middle Education (NFME) for youth who completed primary education but were unable to pursue middle school, are actively being provided. Emphasizing that these initiatives serve as a vital **"second chance"** for out-of-school youth, he called on the Ministry of Education and regional and state governments to coordinate seamlessly in their implementation.

He urged ethnic literature associations, officials from the Ministry of Border Affairs and the Ministry of Ethnic Affairs, and regional and state governments to collaborate with the Ministry of Education to promote literacy, numeracy, and writing skills among ethnic populations in remote areas. Furthermore, he emphasized that individuals should not merely be content with basic literacy and specialized skills, but must actively read to acquire knowledge and enrich their lives. Highlighting State efforts to promote library development and foster a reading culture nationwide, he stressed that learning is an endless pursuit, calling for collective efforts to ensure that literate citizens continue to read and build a society grounded in lifelong learning.

The Ministry of Education's sustained efforts to eradicate illiteracy have yielded significant achievements in 2026, particularly in targeted townships across Kayah State, Mon State, and eastern Shan State through collaborative basic literacy initiatives. These successes were driven by the active participation and support of respective state governments, alongside local communities who recognized literacy as essential for personal advancement and engaged enthusiastically. Furthermore, basic education teachers deserve high commendation and gratitude for generously dedicating their personal time alongside their regular duties with goodwill to assist locals in achieving literacy.

It was emphasized that literacy not only expands knowledge and understanding but also raises the standard of living for individuals. In line with the principle of **"Education for All"**, efforts must be intensified to implement basic literacy programmes, continuing education, and non-formal primary education and non-formal middle education initiatives to ensure that all citizens, including those in rural and remote areas, become literate. To achieve success in these endeavours, it was urged that relevant ministries, volunteers, and all parents and citizens work together in unity. Through literacy, everyone was encouraged to march forward together toward a peaceful, prosperous, and developed new nation.



President of the Republic of the Union of Myanmar U Min Aung Hlaing visits the 2026 International Literacy Day commemorative exhibition.

Subsequently, the President presented awards to the winners of the 2026 International Literacy Day higher education level essay competition. The first prize winner was Maung Sai Thu Htwe from Dawei Education Degree College (Fourth Year, Science Stream); the second prize winner was Ma Ju Ju Khine from Mandalay Education Degree College (Fourth Year, Science Stream); and the third prize winner was Maung Zaw Hlaing Myo from Myeik University (Third Year, Honours, Chemistry).

Following this, Vice President U Nyo Saw presented awards to the first, second, and third prize winners of the 2026 International Literacy Day higher education level poetry competition. Vice President Daw Nan Ni Ni Aye presented awards to the winners of the basic education level essay competition, while Union Minister for Education Dr Chaw Chaw Sein presented awards to the winners of the basic education level poetry competition.

The President and attendees then watched a video documentary highlighting literacy efforts and activities being undertaken in various non-formal education sectors. Afterwards, students from Basic Education High School No.(11) in Nay Pyi Taw Council area performed a tribute song titled "The Land Where Compassion Blooms" as a cultural presentation.



President U Min Aung Hlaing presents award to a winner of the 2026 International Literacy Day higher education level essay competition.

Following the performance, the President presented cash awards to the student performers and posed for a group commemorative photo with the attendees.

After the ceremony, the President cordially greeted those in attendance.

**Myawady**

# Tatmadaw columns strive to conduct area domination operations along Kamamaung–Hpapun route temporarily dominated by joint self-serving terrorist insurgent groups KNU, KNLA, and so-called PDFs

## Reconstruction of roads and bridges destroyed by joint terrorist insurgent groups

**NAY PYI TAW September 8**

Tatmadaw columns are carrying out area security and domination operations along the Kamamaung–Hpapun route, which was temporarily dominated by joint terrorist insurgent groups—comprising the KNU, KNLA, and the so-called PDF terrorists acting as subordinates of the terrorist organizations NUG and CRPH. In addition, the military personnel collaborated with relevant officials to repair and reconstruct the roads and bridges along the route that were maliciously and atrociously destroyed by mine explosions carried out by the joint terrorist insurgent groups with utter disregard for the public.

Starting in November 2024, the joint terrorist insurgent groups—subordinates of the NUG and CRPH known as the so-called PDFs, alongside KNU and KNLA terrorists—aimed to carry out regional sabotage and disrupt the flow of commodities by seizing control of the Kamamaung–Hpapun highway. Using superior numbers, drones, and heavy weaponry, they launched surprise attacks against small military outposts providing security along the route. Although the security forces resisted with the utmost resilience under the spirit of never surrendering to the very end, the joint terrorist insurgent groups reinforced their troops continuously and laid siege. To minimize casualties and damage to the lives and property of local civilians, security personnel executed a tactical temporary withdrawal, resulting in the joint terrorist insurgent groups temporarily dominating the Kamamaung–Hpapun highway and carrying out various acts of sabotage.


During their temporary dominance along the route, the joint terrorist insurgent groups committed malicious and brutal acts of terrorism. They extorted exorbitant tolls from passing cargo trucks and passenger vehicles, looted goods and supplies, tortured and murdered civilians at gunpoint, and conducted forced recruitment. Furthermore, they detonated mines to destroy critical infrastructure vital for commodity flow, including the Yaypu Bridge, the Mile-40 Bridge, and the Kanyindon Bridge, and dug cross-ditches to create roadblocks. As a result, local travellers and cargo vehicles dared not commute, which delayed freight transport, caused border trade to decline, led to local shortages of food and consumer goods, and drove up commodity prices. Due to these travel restrictions and road blockades, local healthcare and children's education suffered severe disruptions, steadily devastating the socio-economic life of the local population.

Therefore, to regain control of and reopen the route and to restore the socio-economic life of the public, Tatmadaw

SEE PAGE - 24





Tatmadaw columns retake villages along the Kamamaung–Hpapun route.




Record of reconstruction of the 170-foot steel-truss Bailey bridge at Kanyindon Bridge, destroyed by terrorist insurgents.


Trenches and bunkers seized from terrorist insurgents.


Documentary photo of arms, ammunition, and related materiel seized from terrorist insurgents.


Documentary photo of the Kanyindon Bridge destroyed by terrorist insurgents using landmines.



Tatmadaw columns retake villages along the Kamamaung–Hpapun route.

# Myanmar's position on the so-called IIMM

During the 63rd session of the Human Rights Council, being held in Geneva from 7 September to 9 October 2026, an enhanced interactive dialogue on the report of the United Nations High Commissioner for Human Rights (OHCHR) and the report of the so-called Independent Investigative Mechanism for Myanmar (IIMM) took place on 7 September.

Myanmar has never recognized the so-called IIMM since its inception. It is found that this mechanism itself has numerous weaknesses on legal grounds (legal shortcomings) and was established with a politically motivated objective of exerting political pressure on a sovereign State.

The IIMM originated from the so-called Independent International Fact-Finding Mission on Myanmar (FFM), which was established in 2018. The FFM was created through a unilateral decision by the OHCHR without the country consent. Subsequently, based on the findings of the FFM, and under the pretext that a more robust mechanism was needed to preserve evidence, the so-called IIMM was established in 2018 pursuant to the Human Rights Council Resolution 39/2.

The Human Rights Council (HRC) is a subsidiary organ of the United Nations established by United Nations General Assembly Resolution (A/RES/60/251). The mandate of the HRC is limited to submitting a report to General Assembly consolidating resolutions adopted within a specified period, as well as recommendations for the further development of international laws in the field of human rights. It has not been vested with the legal mandate/authority to establish any legal, judicial, or investigative mechanism against a country. Therefore, the HRC Resolution 39/2 establishing the IIMM is a blatant violation of both the UN Charter and General Assembly Resolution A/RES/60/251, which established the HRC.

The IIMM is merely a consequence of targeted, one-sided, and politically motivated resolutions adopted by the HRC. The IIMM is being used as a political tool by a particular country or a group of countries or regions.

On the other hand, it is observed that there are no clear provisions regarding the duration of the IIMM's mandate. Furthermore, its Terms of Reference (ToR) state that IIMM may, as its own discretion, accept funding from UN resources and donor countries. Such a provision could potentially lead to the misuse of funds and a lack of transparency in financial management.

Additionally, the IIMM's annual report (A/HRC/63/19) is found, as in previous years, to be based on one-sided allegations against the Myanmar Tatmadaw, unverified and inaccurate information from opposition organizations and individuals, and inflated statistics and figures. Such misguided characterization of the situation in Myanmar could not only contribute to violence and instability but also hinder the Government's efforts to maintain peace and stability in the country.

Regarding the alleged airstrikes and operations, counter-terrorism operations are conducted solely against military targets in accordance with Rules of Engagement (RoE). These operations respond to violent seizures of certain towns and villages by insurgents and terrorist groups to defend the State and protect public safety. The Tatmadaw exercises maximum restraint to avoid civilian harm.

Therefore, Myanmar reaffirms its strong objection to the mandate of the so-called IIMM and categorically rejects all of its publications and statements, including its Eighth Annual Report submitted to the Human Rights Council.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**9 September 2026**

**FROM PAGE - 23**

columns made the necessary preparations and regrouping in Kamamaung town. Commencing on May 5, 2026, separate columns systematically carried out phased operations to reopen the route. Consequently, they successfully retook control of Kyauk Kwin Lay Village on May 8, Wet Thoe Kho and Mezaing Chaung Phya Villages on May 10, Nay Ka Village on May 16, Yaypu Village on May 18, Mile-40 Village on May 24, Noe Khe Doe and Baw Kyo Hta Villages on May 31, Ka Taing Ti Village on June 3, Baw Kyo Le Village on June 23, Shan Ywa Village on June 24, Taung Thu Su Village on June 27, Hparlon Lay Village on July 25, and Hparlongyi Village—located approximately 1,800 meters east of milepost 28/5 on the Kamamaung–Hpapun route—on September 7.

During these recapture operations, security personnel fought selflessly without regard for their own lives, engaging in 56 armed clashes with the joint terrorist insurgent groups. The security forces seized 11 temporary footholds and camps, 13 enemy bodies, 15 assorted firearms, ammunition and related accessories, 24 FPV drones, 243 assorted mines, walkie-talkies, and other equipment. Some security personnel made the ultimate sacrifice for the State and the Tatmadaw.

Additionally, while carrying out security operations along the route, military engineering corps collaborated with officials from the relevant ministries to repair and rebuild the bridges destroyed by mines. The Yaypu Bridge was completed on June 23, 2026; the Mile-40 Bridge on June 24; and the Kanyindon Bridge on August 24. Consequently, motor vehicles and travelers can now cross these roads and bridges normally.

Tatmadaw columns, with the participation and cooperation of local residents, will continue operations to regain control of and reopen the remaining section of Hparlongyi-Hpapun along the Kamamaung–Hpapun route as quickly as possible. Counter-terrorism operations will persist against the terrorist insurgents who commit acts undermining national development and devastating the socio-economic well-being of the local population.

**100**

Documentary photo of transport operations from Myaing Gyi Ngu to Ohn Taw barge landing.





Documentary photo of transport operations from Ohn Taw barge landing to Kamamaung Supply and Transport base (Pa-Hsa-Nga).





**Record of reconstruction of the 170-foot steel-truss Bailey bridge at Kanyindon Bridge, destroyed by terrorist insurgents.**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# သတင်းမှတ်စု ယခုရာစုနှစ်အတွင်း လူငယ်များရဲ့စာဖတ်စွမ်းရည် အနိမ့်ဆုံးအဆင့်သို့ ထိုးဆင်းသွား

ဒီနေ့ခေတ် စမတ်ဖုန်းတွေ၊ ဗီဒီယိုအတို လေးတွေနဲ့ လူမှုကွန်ရက်တွေ ခေတ်စား လာတာနဲ့အမျှ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဆယ်ကျော်သက် လူငယ်တွေဟာ စာအုပ် စာပေတွေထက် ဖုန်းစခရင်တွေကိုပဲ ပိုမို အချိန်ပေးစိုက်ကြည့်လာပါတယ်။ နေ့စဉ် စခရင်ကြည့်ချိန် မြင့်တက်လာမှုနဲ့အတူ ကမ္ဘာ့ပညာရေးကဏ္ဍမှာ စိုးရိမ်စရာ ကိန်း ဂဏန်းတစ်ခု ထွက်ပေါ်လာပါတယ်။ အဲဒါ ကတော့ ယခု ၂၁ ရာစုနှစ်အတွင်းမှာ ဆယ် ကျော်သက်တွေရဲ့ စာဖတ်စွမ်းရည်ဟာ အဆိုးရွားဆုံးနဲ့ အနိမ့်ဆုံးအဆင့်သို့ ထိုးဆင်းသွားခဲ့ရတာပဲ ဖြစ်ပါတယ်။

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ရဲ့ ပညာ ရေးဆိုင်ရာ အကဲဖြတ်မှုစနစ်စစ်ဆေးချက် အရ နိုင်ငံပေါင်း ၈၁ နိုင်ငံမှအသက် ၁၅ နှစ်အရွယ် ကျောင်းသားပေါင်း ၇၆၀၀၀၀ ခန့်ကို စစ်ဆေးခဲ့ရာမှာ စာဖတ်စွမ်းရည်၊ သင်္ချာနဲ့ သိပ္ပံဘာသာရပ်ဆိုင်ရာ ရမှတ် တွေဟာ စတင်စစ်ဆေးတဲ့ ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း အနိမ့်ဆုံးအဆင့်ကို ထိုးဆင်း သွားခဲ့တာပါ။

စာဖတ်စွမ်းရည်ကျဆင်းမှုဟာ အတန်း ထဲမှာ အာရုံစူးစိုက်မှုကို ထိခိုက်စေရုံတင် မကပါဘူး။ အခြားသော ဘာသာရပ်တွေ ကိုပါကူးစက်ကျဆင်းစေခဲ့ပါတယ်။ သိပ္ပံနဲ့ သင်္ချာဘာသာရပ် ရမှတ်တွေဟာလည်း အလားတူပဲ ဒီရာစုနှစ်အတွင်း အနိမ့်ဆုံး အဆင့်သို့ ကျဆင်းသွားခဲ့ပါတယ်။ စာဖတ်စွမ်းရည် အမှတ်တွေဟာ ၂၀၁၂ ခုနှစ်မှာ ၅၀၁ မှတ်အထိ စံချိန်တင် မြင့်မားခဲ့ဖူးပေမယ့် ပြီးခဲ့တဲ့နှစ်မှာ ၄၆၆ မှတ်အထိ ကျဆင်း သွားခဲ့တာဖြစ်ပြီး ဒါဟာ အရင်က သူတို့ ထက် တစ်နှစ်ငယ်တဲ့ ကျောင်းသားတွေရဲ့ စွမ်းရည်အဆင့်လောက်ပဲ ရှိတော့တာကို ပြသနေတာဖြစ်ပါတယ်။ အံ့ဩစရာကောင်း တာတစ်ခုကတော့ ဒီလိုစာဖတ်စွမ်းရည် ကျဆင်းမှုဟာ စီးပွားရေးနဲ့ လူမှုအဆင့် အတန်း ပိုမိုပြည့်စုံတဲ့ မိသားစုနောက်ခံက လာတဲ့ ကျောင်းသားတွေမှာ ပိုမိုသိသာ ထင်ရှားစွာ ဖြစ်ပေါ်နေတာပဲ ဖြစ်ပါတယ်။

OECD ရဲ့ အကြီးအကဲဖြစ်သူ မားသီး ယပ်ကော်မန်းရဲ့ ပြောဆိုချက်အရ စာဖတ် စွမ်းရည်လျော့ကျလာခြင်းဟာ ဖုန်းစခရင် ကြည့်ချိန်ပိုများလာပြီး အပန်းဖြေစာဖတ် တဲ့ အလေ့အထနည်းပါးသွားခြင်းနဲ့ တိုက် ရိုက်သက်ဆိုင်နေတယ်လို့သိရပါတယ်။ ကျောင်းသားတွေဟာ စာကိုစိတ်မရှည်ဘဲ အမြန်ဖတ်ကာ အဖြေမှားတွေကို ချက်ချင်း အလွယ်စလိုဖြေဆိုလာကြတဲ့ အလေ့အထ တွေ ရှိလာတာကို တွေ့ရပါတယ်။

ဒါ့အပြင်ကျောင်းသား လေးဦးမှာတစ်ဦး ထက်မကဟာ သင်ခန်းစာအချိန်တွေမှာ နည်းပညာပစ္စည်းတွေအသုံးပြုမှုကြောင့် အတန်းဖော်တွေ အာရုံပျံ့လွင့်ရကြောင်း ဝန်ခံထားကြပါတယ်။ တစ်ရက်ကို ၅ နာရီ ထက်ပိုပြီး နည်းပညာပစ္စည်းတွေ သုံးစွဲရင် သင်ယူမှုရလဒ်တွေ သိသိသာသာ ကျဆင်း လာပါတယ်။ စာတမ်းပြုစုခြင်း၊ အကျဉ်း



ချုပ်ခိုင်းခြင်းနဲ့ အကြောင်းအရာတွေရှာ ရာမှာ AI Chatbot တွေကို လွန်လွန်ကဲကဲ အဓိကအသုံးပြုသူများကလည်း အခြား သူများထက် သိပ္ပံဘာသာရပ်မှာ တစ်နှစ်စာ သင်ရိုးနဲ့ပမာဏတူညီတဲ့ ရမှတ် ၂၀ ခန့် ပိုမိုနည်းပါးနေတာတွေ့ရှိရပါတယ်။

ကမ္ဘာ့နေရာအများအပြားမှာ စာဖတ် စွမ်းရည်လျော့ကျနေသော်လည်း အရှေ့ အာရှဒေသမှာတော့ စာဖတ်စွမ်းရည်က ထိပ်တန်းမှာ ဆက်လက်ရပ်တည်နေဆဲ ဖြစ်ပါတယ်။ စစ်ဆေးမှုမှာပါဝင်တဲ့ တရုတ် မြို့ကြီးများ၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်ကာပူတို့ဟာ ထိပ်တန်းပညာရေးစနစ် ရှိတဲ့နိုင်ငံနဲ့ဒေသတွေအဖြစ် ရပ်တည်နေ ကြပြီး အာရှပြင်ပကနေ စာဖတ်စွမ်းရည်၊ သင်္ချာနဲ့ သိပ္ပံ ထိပ်တန်း ၁၀ နိုင်ငံစာရင်းထဲ ဝင်ရောက်နိုင်ခဲ့တာဆိုလို့ ဖြတိန်နဲ့ အက်စတိုးနီးယားနိုင်ငံတို့ပဲ ရှိပါတယ်။

ဒီအခြေအနေတွေကို ဖြေရှင်းသုံးသပ်ရရင် နည်းပညာတိုးတက်လာမှုဟာ လေ့လာ သင်ယူရေးအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သော်လည်း စည်းကမ်းမဲ့ သုံးစွဲမှုနဲ့ စခရင်ကြည့်ချိန်များပြားလာခြင်း တို့ဟာ အနာဂတ်မျိုးဆက်သစ် လူငယ် တွေရဲ့ အခြေခံစာဖတ်စွမ်းရည်နဲ့ စဉ်းစား တွေးခေါ်နိုင်စွမ်းကို ကြီးမားစွာထိခိုက်စေ လျက်ရှိပါတယ်။ ဒါကြောင့် တစ်ကမ္ဘာလုံး ဆိုင်ရာ ပညာရေးနယ်ပယ်မှာ နည်းပညာ အသုံးပြုမှုကို စနစ်တကျကန့်သတ်ဖို့နဲ့ လူငယ်တွေ စာအုပ်စာပေ အမှန်တကယ် ဖတ်ရှုတဲ့ အလေ့အထ ပြန်ရှင်သန်လာစေဖို့ အရေးတကြီး ဆောင်ရွက်ရတော့မယ်ဆို တာကို ဒီအစီရင်ခံစာက မီးမောင်းထိုးပြနေ ပါတယ်။

Ref: ST
ထက်မြတ်

# ရုရှားက ယူကရိန်းရှိ စစ်ရေးပစ်မှတ်များကို ပြန်လည်တိုက်ခိုက်

**မော်စကို၊ စက်ရေး**

ရုရှားတပ်ဖွဲ့တွေဟာ ယူကရိန်းမြို့တော် ကီယက်ဗ်ရှိ ဒရုန်းနဲ့ ဒုံးကျည်ထုတ်လုပ်ရေး စက်ရုံတွေအပါအဝင် စစ်ဘက်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးစခန်းတွေကို စက် တင်ဘာလ ၈ ရက်မှာ တိကျမှုမြင့်မားတဲ့ လက်နက်တွေနဲ့ ကြီးမားတဲ့ လေကြောင်း တိုက်ခိုက်မှုတွေ ပြန်လည်ပြုလုပ်ခဲ့တယ်လို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ် ပြန်ခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ အထူးသံတမန်တွေဖြစ်တဲ့ စတိဝစ်ကော့နဲ့ ဂျာရက်ကုရှနာတို့ မော်စကိုမြို့နဲ့ကီယက် မြို့တို့ကိုလာရောက်ခဲ့တဲ့ ခရီးစဉ်မတိုင်မီ ရုရှားသမ္မတဗလာဒီမာပူတင်က ကီယက်မြို့ ပေါ်ရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်တွေကို တိုက်ခိုက်တာ သုံးရက်ကြာ ရပ်ဆိုင်းထားဖို့ ကြေညာခဲ့တာပါ။ ဒီရပ်ဆိုင်းမှုကာလကုန် ဆုံးသွားပြီးနောက်မှာ ရုရှားဘက်က တိုက် ခိုက်မှုတွေ ပြန်စလိုက်တာ ဖြစ်ပါတယ်။ အခုတစ်ကြိမ် တိုက်ခိုက်မှုမှာ ညအချိန် လေကြောင်း၊ ရေကြောင်းနဲ့ မြေပြင်အခြေ စိုက် တိကျဒုံးကျည်တွေအပြင် တာဝေးသွား ဒရုန်းတွေကိုပါ အသုံးပြုခဲ့တာဖြစ်ပါတယ်။

Ref: Sputnik

# ဟူသီအဖွဲ့က ဆော်ဒီအာရေဗျကို ဒရုန်းများ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်



**ဆာနား၊ စက်ရေး**

ယီမင်နိုင်ငံရှိ ဟူသီလက်နက်ကိုင်အဖွဲ့ ဟာ ဆော်ဒီအာရေဗျနိုင်ငံအတွင်းမှာရှိတဲ့ အရေးပါတဲ့ပစ်မှတ်တွေကို ဒရုန်းနဲ့ဒုံးကျည် တွေအများအပြားသုံးပြီး အကြီးအကျယ် တိုက်ခိုက်ခဲ့တယ်လို့ စက်တင်ဘာလ ၈ ရက်မှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

ဟူသီတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ယား ဟီးယားဆာရီရဲ့ ပြောဆိုချက်အရ ဒီစစ်ဆင် ရေးမှာ တောင်ပံပါဒုံးကျည်တွေ၊ ပဲ့ထိန်း ဒုံးကျည်တွေနဲ့ တိုက်ခိုက်ရေးဒရုန်းအစင်း ရေအမြောက်အမြားကို သုံးစွဲခဲ့တာ ဖြစ်တယ်လို့သိရပါတယ်။ တိုက်ခိုက်ခံရတဲ့ ပစ်မှတ်တွေထဲမှာ ဆော်ဒီအာရေဗျရဲ့ စစ်ဘက်ဆိုင်ရာစခန်းတွေနဲ့ အဓိကအခြေခံ အဆောက်အအုံတွေ ပါဝင်တယ်လို့ ဆိုပါ တယ်။

ဒီတိုက်ခိုက်မှုဟာ ယီမင်နိုင်ငံအပေါ် ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့ရဲ့ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ ပိတ်ဆို့ထား မှုတွေကို တုံ့ပြန်တဲ့အနေနဲ့ လုပ်ဆောင်တာ ဖြစ်ကြောင်း ဟူသီဘက်က အကြောင်းပြ ထားပါတယ်။ ဒါပေမဲ့ ဒီတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုနဲ့ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေ အသေးစိတ်ကိုတော့ ဆော်ဒီ အာရေဗျ အာဏာပိုင်တွေဘက်က ချက်ချင်း အတည်ပြု ထုတ်ပြန်တာမျိုးမရှိပါဘူး။ ဒါပေမဲ့ လက်တုံ့ပြန်တိုက်ခိုက်မယ်လို့တော့ ထုတ်ပြန်ထားတာတွေ့ရပါတယ်။

Ref: Xinhua

# နီပေါမှာရေကြီးမှုမဖြစ်မီ ရေခဲတောင်နေရာမှာ အပူချိန်စံချိန်တင် မြင့်မားခဲ့

**ဝါရှင်တန်၊ သဘာဝဘေး**

ပြီးခဲ့တဲ့ ဩဂုတ်လ ၂၆ ရက်က နီပေါနဲ့ တိဗက်နယ်စပ်မှာ လူထောင်ပေါင်းများစွာ သေဆုံးစေသော ရေကြီးရေလျှံမှုတွေဖြစ် ပွားစေခဲ့တဲ့ ရေခဲတောင်ကြီးပြိုကျမှု မတိုင်မီ အဲဒီဒေသမှာ မကြုံစဖူးအပူချိန် စံချိန်တင်မြင့်မားခဲ့တယ်လို့ သုတေသီတွေက ထုတ်ပြန်လိုက်ပါတယ်။

ကယ်လီဖိုးနီးယားအခြေစိုက် Berkeley Earth အဖွဲ့အစည်းမှ အကြီးတန်းသိပ္ပံပညာ ရှင် ရောဘတ်ရုတ်ရဲ့ အချက်အလက်များ စစ်ဆေးမှုအရ အမြင့်မီတာ ၅၂၀၀ မှာရှိတဲ့ ရေခဲမြစ်ပေါ်မှာ ဩဂုတ်လ ၂၀ ရက်ကနေ ၂၆ ရက်အထိ ပျမ်းမျှအပူချိန်က ၅ ဒီဂရီ စင်တီဂရိတ်အထိရှိခဲ့တာပါ။ ဒါဟာ လွန်ခဲ့ တဲ့ ၅၅ နှစ်တာ အချက်အလက်မှတ်တမ်း တွေအရ ၄ ဒီဂရီစင်တီဂရိတ်ထက် တစ်ခါ မှမကျော်လွန်ဖူးဘဲ ယခုမှ အပူချိန်အလွန် အမင်းမြင့်တက်ခဲ့တာလည်း ဖြစ်ပါတယ်။

ပူပြင်းလာတဲ့အပူချိန်ဟာ တောင်တန်း တွေရဲ့ ကျောက်ဆောင်တွေပေါ်မှာရှိတဲ့ ရေခဲလွှာတွေကို အရည်ပျော်စေပြီး တောင် စောင်းတွေကို ယိမ်းယိုင်စေတာ ဖြစ်တယ် လို့ ပညာရှင်များကထုတ်ပြန်ထားပါတယ်။

Ref: ST

# မလေးရှားမှာ ရဟတ်ယာဉ်တစ်စင်းပျက်ကျ

**ကွာလာလမ်ပူ၊ မတော်တဆမှု**

မလေးရှားနိုင်ငံ ဆာရာဝက်ပြည်နယ် မြောက်ပိုင်းမှာ လူငါးဦးလိုက်ပါလာတဲ့ ရဟတ်ယာဉ်တစ်စင်းပျက်ကျသွားပါတယ်။ ဒီဖြစ်စဉ်ဟာ စက်တင်ဘာလ ၈ ရက်က လောင်းလယ်လန်လေယာဉ်ကွင်းအနီးမှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။

ရဟတ်ယာဉ်ပေါ်မှာ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတွေပါဝင်လာပြီး ဝေးလံခေါင်ဖျား ဒေသတွေကို ဆေးဝါးကုသမှုပေးအပ်နေတဲ့ Flying Doctor Service အစီအစဉ်အတွက် ပျံသန်းနေတာပါ။ မီရီမြို့နယ် လေဆိပ် မီးသတ်နဲ့ ကယ်ဆယ်ရေးအဖွဲ့ရဲ့ ကနဦး သတင်းအရ ရဟတ်ယာဉ်ဟာ လေယာဉ် ပြေးလမ်းအဆုံးနားမှာ ပျက်ကျခဲ့တာဖြစ် တယ်လို့သိရပါတယ်။ လေယာဉ်ကွင်းဟာ မီရီမြို့ကနေ ကီလိုမီတာ ၃၁၀ လောက် ကွာဝေးပြီး ဝေးလံခေါင်သီတဲ့ လူနည်းစု ကျေးရွာတွေနဲ့ ကပ်လျက်တည်ရှိတာပါ။

မလေးရှား အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့ကလည်း ဒီပျက်ကျမှုကို အတည်ပြုပေးခဲ့ပါတယ်။ လေကြောင်း သတင်းအချက်အလက်အဖွဲ့က ညနေ ၃ နာရီ ၅၈ မိနစ်မှာ ဒီမတော်တဆဖြစ်စဉ်



သတင်းကို စတင်လက်ခံရရှိခဲ့တာပါ။ ဖြစ်စဉ်ဖြစ်ရာနေရာကို သက်ဆိုင်ရာတာဝန် ရှိသူတွေသွားရောက်ကာ ကယ်ဆယ်ရေး လုပ်ငန်းတွေနဲ့ စုံစမ်းစစ်ဆေးမှုတွေကို ဆက်လက်လုပ်ဆောင်နေကြပါတယ်။

Ref: ST

# ရေစီးကျော်ဝင်ရောက်သည့် နေရာကို Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၈**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ရေဝင်ရောက်မှုများအား တားဆီးပိတ်ဆို့နိုင်ရန်၊ ပြည်သူများအချိန်တိုအတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများမှ မိမိတို့နေထိုင်ရာ ဒေသများတွင် ပြန်လည်ဝင်ရောက်နိုင်ရန်နှင့် စိုက်ပျိုးသီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်တို့အတွက် တာတမံနိမ့်ကျပြီး ရေစီးကျော် ဝင်ရောက်သည့် နေရာတွင် Sheet Pile များရိုက်၍ ကာရံတားဆီးခြင်း လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အားဖြည့် ဆောင် ရွက် လျက် ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ အင်ဂျင်နီယာများ၊ ဝန်ထမ်းများ ပေါင်းစပ်ပြီး Sheet Pile များရိုက်၍ ကာရံခြင်းလုပ်ငန်းများကို တွန်းသင်္ဘော ၄ စင်း၊ Barge တွဲ ၄ စင်း၊ ပဲ့ထောင်စက်လှေ ၄ စင်း၊ Excavator ၁ စီး၊ 50 Ton Crane ၂ စီး၊ 25 Ton Crane ၂ စင်း၊ Vibro–Hammae With Double Jaw & Accessories ၄ စုံ၊ Silent Piler+ Power Unit ၁ စုံ၊ 3.5 Ton Hummer Control Pannel ၁ စုံ၊ Generator ၃ လုံး၊ Air Compressor ၂ လုံး စသည့် စက်/ယာဉ်/ယန္တရားများကို အသုံးပြု၍ နေ့ညဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ကာရံခြင်းလုပ်ငန်းတွင် Sheet Pile ၂၈၂ ချောင်းကို အသုံးပြု၍ ရေအနက် ၁၇ မီတာအထိ ရိုက်သွင်းခဲ့ရပြီး ရိုက်သွင်းထားပြီးဖြစ်သည့် Sheet Pile များအား ပိုမိုခိုင်ခံ့အားကောင်းစေရန်အတွက် အချင်း1.35 မီတာရှိ Stand Pipe ၄ လုံး၊ H Beam 400 mm x 400 mm ၆၃ ချောင်းတို့ဖြင့် ကျားကန်ခြင်း၊ ဒေါက်ကန်ခြင်း၊ Welding တွဲဆက်ခြင်း၊ ချုပ်တန်းများ ချုပ်ခြင်းတို့ကို တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် တို့က အင်ဂျင်နီယာနှင့် ဝန်ထမ်းစုစုပေါင်း ၂၃၄ ဦးဖြင့် နေ့ဆိုင်းညဆိုင်းဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထိုကဲ့သို့ Sheet Pile များရိုက်၍ ကာရံခြင်းလုပ်ငန်းများကို လုပ်ငန်းစတင်ချိန်မှစတင်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆောလျင်စွာပြီးစီးရေးအတွက် စီမံဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ရေစီးကျော်ဝင်ရောက်သည့် နေရာတွင် Sheet Pile များ ရိုက်၍ ကာရံတားဆီးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကာရံခြင်းလုပ်ငန်းတွင် အပြီးသတ်ရိုက်သွင်းမည့် Sheet Pile ကို ရိုက်သွင်းပေးကာ ကာရံခြင်းလုပ်ငန်းများကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရေစီးကျော် ဝင်ရောက်သည့် နေရာကို Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရေစီးကျော်ဝင်ရောက်မှုအား အလုံးစုံပိတ်နိုင်ရန်အတွက် သဲအိတ်များချခြင်း၊ Sheet Pile များ၏အောက်ခြေတွင် Scour မဖြစ်စေရန် Jumbo bag သဲအိတ်များ ချခြင်း၊ Inclination ထောက်များ ဆောင်ရွက်ခြင်း၊ Sheet Pile များအား ထောက်ထားသော H Beam များ၏ ဝရိန်သားများအား နေ့/ညမပြတ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အားနည်းသော အပိုင်းအား ပြန်လည်အားဖြည့်ဆောင်ရွက်ခြင်း၊ ရေလမ်းကြောင်းအားအဟန့်အတားဖြစ်စေရန် Concrete Sinker တုံးများ ချပေးခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရေဝင်ရောက်မှုကို ပိတ်သိမ်းနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့မှ သောင်တူးစက်ကြီး ရေယာဉ်တွဲဖြင့် သဲတူးဖော်ပြီး ရေဝင်လမ်းကြောင်းအနီးသို့ သဲမှုတ်တင်ခြင်းများ၊ သဲ၊ ကျောက်များကို ပိုက်ကွန်ထဲထည့်သွင်း၍ ချခြင်းလုပ်ငန်းများ၊ Geo–bags အိတ်ကြီးများချထားခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

ရေဝင်ရောက်ခဲ့သည့် လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နယ်၊ ဟင်္သာတမြို့နယ်တို့တွင် နေထိုင်ကြသည့် ပြည်သူများသည် တာတမံပိတ်ဆို့ကာရံခြင်းလုပ်ငန်းများပြီးစီးပါက မိမိနေထိုင်ရာဒေသများသို့ဆောလျင်စွာ ပြန်လည်ဝင်ရောက်နေထိုင်ပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

○ **ကျောဖုံးမှအဆက်**

အားကစားရုံ(A)၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းအမျိုးသား (၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့် ရှုံး/ထွက်ပွဲစဉ်များအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ သာသနာရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းကအားကစားရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် သာသနာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

စက်တင်ဘာလ ၉ ရက် **(ယနေ့)** နံနက် ၁၀ နာရီမှစတင်၍ ပိုက်ကျော်ခြင်း အမျိုးသား(၄)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲပွဲစဉ်များအပြီးတွင် တတိယလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင် ကစားသွားမည် ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ပိုက်ကျော်ခြင်း အမျိုးသား(၄)ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲပွဲစဉ်များနှင့် ဆုပေးပွဲအခမ်းအနားကို ညနေ ၃ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလိုင်းများဖြစ်သည့် MRTV–4 HD၊ MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက် (Live) ရိုက်ကူးထုတ် လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊
တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ
ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံဆိုင်ကယ်(၁၉)စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကာ နေ့/ညလှည့်ကင်းနှင့်ရပ်ကင်း/ဝပ်ကင်းများဆောင်ရွက်ခြင်း၊ ပြစ်မှုနှင့်သင်္ကာမကင်းသူများအား စစ်ဆေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ မေလ ၁၂ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ စက်ရုံကျေးရွာနေ မထက်ထက်ဖြိုး(၂၈)နှစ်သည် ဈေးကုန်းကျေးရွာရှိဆင်သေဈေးသို့ ၎င်းပိုင်၄၆ယ/၇၃၄၈၂ Honda Wave–100 ဆိုင်ကယ်ဖြင့်သွားရောက်ခဲ့ပြီး ဆိုင်ကယ်အား ဈေးအနီး ရပ်တန့်၍ ဈေးဝယ်သွားခဲ့ပြီး ပြန်လာစဉ် ဆိုင်ကယ်ပျောက်ဆုံးခဲ့ကြောင်း သတင်းအရ ဆိုင်ကယ်ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ပျဉ်းမနားမြို့မရဲစခန်း၌ (ပ)၁၄၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(မော်တော်ဆိုင်ကယ်)ဖြင့် အမှုရေးဖွင့်စုံစမ်းခဲ့သည်။

တရားခံ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၁ ရက်နေ့ ညပိုင်းတွင် ဆိုင်ကယ်ခိုးယူသူ ပျဉ်းမနားမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ လမင်းဇော်(၂၂)နှစ်နှင့် ဥယျာဉ်စုရပ်ကွက်နေ ဇင်ရဲထွန်း(ခ)ရဲထွန်း(၂၆)နှစ်တို့နှစ်ဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိပြီး အခြားပြစ်မှုများကျူးလွန်ခဲ့ခြင်းရှိ/မရှိစစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၂၆ ခုနှစ်၊ မေလ၊ ဇွန်လနှင့်ဇူလိုင်လများအတွင်း၌ ပျဉ်းမနားမြို့နယ်မှ ဆိုင်ကယ် ၁၃ စီး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိမြို့နယ်အသီးသီးမှ ဆိုင်ကယ် ၆ စီး၊ စုစုပေါင်းဆိုင်ကယ် ၁၉ စီးတို့အား ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး သက်သေခံဆိုင်ကယ် ၁၉ စီးအား သိမ်းဆည်းနိုင်ခဲ့သည်။

ဖြစ်စဉ်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်များ လိုက်လံခိုးယူသူ တရားခံ လမင်းဇော်နှင့် ဇင်ရဲထွန်း(ခ)ရဲထွန်း တို့နှစ်ဦးအား ခိုးမှုကျူးလွန်ရာမှရရှိသည့် သက်သေခံဆိုင်ကယ် ၁၉ စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကာ ၎င်းတို့ခိုးမှုကျူးလွန်ခဲ့သည့် သက်ဆိုင်ရာ နယ်မြေရဲစခန်းအသီးသီး၌ အမှုပေါင်း ၁၆ မှုဖြင့် အမှုရေးဖွင့်ထားရှိပြီး ဥပဒေနှင့်အညီအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆိုင်ကယ်ခိုးမှုကျူးလွန်သူ တရားခံအမျိုးသားနှစ်ဦးအား သက်သေခံဆိုင်ကယ်(၁၉)စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။**



(ဝဲမှယာ တရားခံ လမင်းဇော်၊ ဇင်ရဲထွန်း(ခ) ရဲထွန်း)




သိမ်းဆည်းရမိသည့် သက်သေခံဆိုင်ကယ် (၁၉)စီး

## ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးဂျာမနီကစားသမားအဖြစ် ရပ်တည်နေသည့် ဂန်ဒိုဂမ်၏သွင်းဂိုးကို ကိုင်ဟာဗက်လိုက်မီ




**လန်ဒန်  စက်တင်ဘာ  ၈**

အာဆင်နယ်အသင်း၏ တိုက်စစ်ကစားသမား ကိုင်ဟာဗက်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် ကစားသည့် ချယ်လ်ဆီးအသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ပြီးနောက် ယခင်ပရီးမီးယားလိဂ်သွင်းဂိုး အများဆုံး ဂျာမနီကစားသမားအဖြစ် ရပ်တည်နေသည့် ဂန်ဒိုဂမ်၏သွင်းဂိုးအရေအတွက်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကိုင်ဟာဗက်သည် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်သွင်းဂိုး ၄၅ ဂိုးရှိလာခဲ့ပြီး မန်စီးတီးအသင်း ကစားသမားဟောင်း ဂန်ဒိုဂမ်၏သွင်းဂိုးအရေအတွက်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

ကိုင်ဟာဗက်သည် ၂၀၂၀ ပြည့်နှစ်က လီဗာကူဆင်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး ၂၀၂၃ ခုနှစ်မှစ၍ အာဆင်နယ်အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစားခဲ့ပြီးနောက် သွင်းဂိုး ၄၅ ဂိုးအထိရှိလာခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကိုင်ဟာဗက်သည် ဂန်ဒိုဂမ်၏ ပရီးမီးယားလိဂ်သွင်းဂိုးအရေအတွက်ကိုလိုက်မီနိုင်ခဲ့ကာ ဂျာမနီကစားသမားများထဲတွင် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးကစားသမားအဖြစ် ဂန်ဒိုဂမ်နှင့်အတူ ထိပ်ဆုံး၌ပူးတွဲရပ်တည်နေသည်။

ဂျာမနီကစားသမားများတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ကိုင်ဟာဗက်နှင့် ဂန်ဒိုဂမ်တို့နောက်၌ အိုဇေးလ်က ၃၃ ဂိုး၊ ပါစကယ်က ၃၂ ဂိုး၊ ကလင်းစမန်းက ၂၉ ဂိုးဖြင့် ရပ်တည်နေကြောင်း သိရသည်။

*Ref;Fotmob*

## ဂျက်စတင်ဂေဂျီနှင့် တိုပူရီးယားတို့ ယှဉ်ပြိုင်ရန် ဆွေးနွေးနေဟု ဂျွန်အာနစ် အတည်ပြု

**ဝါရှင်တန်  စက်တင်ဘာ  ၈**

UFC အဖွဲ့အစည်း၏ Commentator တစ်ဦးဖြစ်သူ ဂျွန်အာနစ်က လာမည့် UFC ပြိုင်ပွဲများတွင် ဂျက်စတင်ဂေဂျီနှင့် တိုပူရီးယားတို့ မကျေပွဲယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိကြောင်း အတည်ပြုခဲ့သည်။

ဂျက်စတင်ဂေဂျီနှင့် တိုပူရီးယားတို့သည် ပြီးခဲ့သည့် ဇွန်လ ၁၄ ရက်က အမေရိကန်နိုင်ငံရှိ အိမ်ဖြူတော်၌ကျင်းပခဲ့သည့် UFC Freedom 250 ပြိုင်ပွဲတွင် လိုက်ဖ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့ပြီး စတုတ္ထအချီတွင် တိုပူရီးယား၏နည်းပြအဖွဲ့က ပဝါတင်ကာ ဒိုင်ပွဲရပ်ဖြင့် အရှုံးပေးရန် ဆုံးဖြတ်ခဲ့သဖြင့် ဂျက်စတင်ဂေဂျီက လက်ရှိ UFC လိုက်ဖ်ဝိတ်တန်းချန်ပီယံအဖြစ် ရပ်တည်နေခြင်းဖြစ်သည်။

ဂျွန်အာနစ်က "ဂျက်စတင်ဂေဂျီနဲ့ တိုပူရီးယားတို့ ယှဉ်ပြိုင်ဖို့ ညှိနှိုင်းနေပါတယ်။ လက်ရှိအချိန်မှာတော့ ညှိနှိုင်းနေတဲ့အဆင့်မှာပဲရှိပါသေးတယ်။ ဘယ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ရမလဲဆိုတာကို ကျွန်တော်တို့ပြောလို့မရသေးပါဘူး"ဟု ပြောသည်။

ဂျက်စတင်ဂေဂျီသည် ကစားသမားဘဝမှတ်တမ်းတွင် ၂၈ ပွဲနိုင်၊ ငါးပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသူဖြစ်ပြီး တိုပူရီးယားသည် ၁၇ ပွဲနိုင်၊ တစ်ပွဲရှုံး မှတ်တမ်းပိုင်ဆိုင်ထားသူဖြစ်ကာ ယှဉ်ပြိုင်ရန်အတည်ပြုပါက UFC လိုက်ဖ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ထပ်မံယှဉ်ပြိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

*Ref;UFC.com*



## မန်ယူနှင့် မန်စီးတီးအသင်းတို့ကစားမည့်ပွဲစဉ်ကို ဒိုင်လူကြီး အိုလီဗာတာဝန်ယူမည်

**မန်ချက်စတာ  စက်တင်ဘာ  ၈**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ မန်ချက်စတာဒါဘီပွဲစဉ်အဖြစ်ကစားမည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို ဒိုင်လူကြီး အိုလီဗာက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လာမည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ကစားမည့်ပွဲစဉ်များအတွက် တာဝန်ယူကိုင်တွယ်မည့် ကွင်းလယ်ဒိုင်လူကြီးများစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာတွင် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်ကို အင်္ဂလန်ထိပ်တန်းဒိုင်လူကြီးတစ်ဦးဖြစ်သည့် အိုလီဗာကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဒိုင်လူကြီး အိုလီဗာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အရေးကြီးပွဲစဉ်များကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ယခုအခါတွင်လည်း ထိပ်တန်းပွဲစဉ်တစ်ပွဲဖြစ်ကာ ပရိသတ်စိတ်ဝင်စားမှုအများဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ချက်စတာဒါဘီပွဲစဉ်ကို တာဝန်ယူကြီးကြပ်မည်ဖြစ်သည်။

မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့၏ မန်ချက်စတာဒါဘီပွဲစဉ်ဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် စက်တင်ဘာလ ၁၄ ရက်တွင် မန်ယူအသင်း၏ အိမ်ကွင်း အိုးထရက်ဖို့ဒ် အားကစားကွင်း၌ ကစားမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## ချယ်လ်ဆီးအသင်းတွင် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ်ရာသီအစ သုံးပွဲဆက် ဂိုးပါဝင်ပတ်သက်မှုပြုလုပ်နိုင်သည့်ကစားသမားအဖြစ် မော်ဂန်ရော်ဂျာရပ်တည်

**လန်ဒန်  စက်တင်ဘာ  ၈**



ချယ်လ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား မော်ဂန်ရော်ဂျာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃) အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းတွင် ၂၀၁၉ ခုနှစ်နောက်ပိုင်း ပရီးမီးယားလိဂ်ရာသီအစ သုံးပွဲဆက် ဂိုးပါဝင်ပတ်သက်မှုလုပ်ဆောင်နိုင်သည့်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းက အာဆင်နယ်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲစဉ်တွင် မော်ဂန်ရော်ဂျာသည် ပွဲချိန်နှစ်မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ရာသီအစ သုံးပွဲဆက်ဂိုးပါဝင်ပတ်သက်မှုလုပ်ဆောင်နိုင်သည့် ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

မော်ဂန်ရော်ဂျာသည် ပရီးမီးယားလိဂ်ပွဲစဉ်(၁) အဖြစ် ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး၊ ပွဲစဉ်(၂)အဖြစ်ကစားခဲ့သည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်နှင့် ပွဲစဉ်(၃)အဖြစ်ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်ရာသီအစ သုံးပွဲဆက် ဂိုးပါဝင်ပတ်သက်မှုလုပ်ဆောင်နိုင်ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းတွင် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက အသင်းကစားသမားဟောင်း ဟာဇက်က ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရာသီအစ သုံးပွဲဆက်ဂိုးပါဝင်ပတ်သက်မှုလုပ်ဆောင်နိုင်သည့် ကစားသမားအဖြစ်ရပ်တည်နိုင်ခဲ့ပြီးနောက်ပိုင်း ယခုနှစ်ဘောလုံးရာသီတွင် မော်ဂန်ရော်ဂျာကလည်း ရာသီအစ သုံးပွဲဆက်ဂိုးပါဝင်ပတ်သက်မှုလုပ်ဆောင်နိုင်သည့် ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

မော်ဂန်ရော်ဂျာသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက အက်စ်တွန်ဗီလာအသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ကာ အသင်းနှင့် ပထမဆုံးဘောလုံးရာသီတွင်ပင် အကောင်းဆုံးခြေစွမ်းပြသပြီး အဓိကကစားသမားအဖြစ်ပါဝင်ခွင့်ရရှိနေသူဖြစ်ကြောင်း သိရသည်။

*Ref;One Football*

## စီးရီးအေ ရှစ်ပွဲဆက်အနိုင်ရရှိခဲ့သည့် တတိယမြောက်ရိုးမားနည်းပြအဖြစ် ဂတ်စ်ပါရီနီရပ်တည်

**ရောမ  စက်တင်ဘာ  ၈**

ရိုးမားအသင်းနည်းပြ ဂတ်စ်ပါရီနီသည် ရိုးမားအသင်းသမိုင်းတစ်လျှောက် အီတလီစီးရီးအေ ရှစ်ပွဲဆက်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် တတိယမြောက်နည်းပြအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ်ကစားခဲ့သည့် အတ္တလန်တာအသင်းနှင့် ပွဲစဉ်တွင် ရိုးမားအသင်းက ၂ ဂိုး -၁ ဂိုး ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ရိုးမားအသင်းနည်းပြ ဂတ်စ်ပါရီနီ အတွက်လည်း မှတ်တမ်းကောင်းတစ်ရပ်ရရှိခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဂတ်စ်ပါရီနီကို ခန့်အပ်ခဲ့ပြီးနောက် ရလဒ်ကောင်းများရရှိခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီ အီတလီစီးရီးအေပွဲစဉ်များအဖြစ် ဘိုလော့ဂ်နာ၊ ဖီအိုရင်တီးနား၊ ပါးမား၊ လာဇီယို၊ ဗီရိုနာအသင်းတို့နှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်ငါးပွဲတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်သကဲ့သို့ ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင်လည်း ဖီအိုရင်တီးနား၊ လက်ချီ၊ အတ္တလန်တာအသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;365Scores*

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၆၉၅၆၉၉၉၆၆ |
| | | | ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၈ |

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်
## ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် (၂၀၂၆-၂၀၂၇) ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့တွင် တည်ဆောက်ရေးလုပ်ငန်း(၆)ခုအား အရည်အသွေးစစ်ဆေးရေးအဖွဲ့(QC Team)ဖြင့် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အသိအမှတ်ပြု(QA/QC)ကန်ထရိုက်မှတ်ပုံတင်လက်မှတ်ရှိ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၉-၉-၂၀၂၆)

တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန် - (၁၅-၉-၂၀၂၆) ညနေ(၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး(လမ်း ၇၀၊ ၂၇ x ၂၈ ကြား)သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန**

### ဖခင်အမည်မှန်
ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရိုးကြီးကျေးရွာအုပ်စု၊ အ.ထ.က ရွှေကျောင်း Grade-12 မှ မဒါလီကျော်၏ဖခင်အမည်မှန်မှာ စောသိန်းဟံ ၁၄/ဇလန(နိုင်)၀၇၂၈၉၇ ဖြစ်ပါကြောင်း။ **စောသိန်းဟံ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ မဟာထူးချွန် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 သင်ဆဲမှ မောင်ပြည့်ဖြိုးအောင်၏ဖခင် ဦးမောင်ကျော်၏အမည်မှန်မှာ ဦးမောင်မောင်ကျော် ၈/တတက(နိုင်)၁၅၅၃၉ ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ကျော်**

### အမည်မှန်
လယ်ဝေးမြို့၊ အ.ထ.က(၁) Grade-12 မှ အဘ ဦးငွေတိုး၏သမီး မနန်းဆုဝေ၏အမည်မှန်မှာ မနန်းစုဝေ ၉/လဝန(နိုင်)၃၂၉၅၂၉ ဖြစ်ပါကြောင်း။ **မနန်းစုဝေ**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အ.ထ.က(ခွဲ)ကင်သပြေပင် Grade-11 သင်ဆဲမှ မအိအိန္ဒွေး၏ဖခင် ဦးကြည်ဝင်း၏အမည်မှန်မှာ ဦးကြယ်ဝင်း ၈/တတက(နိုင်)၀၄၃၇၁၂ ဖြစ်ပါကြောင်း။ **ဦးကြယ်ဝင်း**

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(ခွဲ)ညောင်လူး Grade-12 မှ မောင်သော်တာထွန်း၏ဖခင် ဦးကိုမာ၏အမည်မှန်မှာ ဦးမာ ၉/တကန(နိုင်)၁၂၀၈၂၄ ဖြစ်ပါကြောင်း။ **ဦးမာ**

### ဖခင်အမည်မှန်
မော်လမြိုင်မြို့၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း Grade-8 မှ မသီရိခေတ်၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၁၀/မလမ(နိုင်)၁၂၈၃၁၇ ဖြစ်ပါကြောင်း။ **ဦးကျော်ကျော်နိုင်**

### ပျောက်ဆုံးကြောင်း
ဦးပြည့်စုံအောင်(ဘ)ဦးလှဒင် ၉/ခအဇ(နိုင်)၀၂၅၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၅၃၀၀၃၉

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က ကျည်တောင်ကန် Grade-11 မှ မခိုင်ဆွေဝင်း၏ဖခင် ဦးစိုးဝင်း၏အမည်မှန်မှာ ဦးဆန်းတင် ၉/ကပတ(နိုင်)၀၂၄၄၃၆ ဖြစ်ပါကြောင်း။ **ဦးဆန်းတင်**

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က ကျည်တောင်ကန် Grade-11 မှ မငြိမ်းသဇင်၏ဖခင် ဦးဇော်လင်းထွန်း၏အမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/ရစက(နိုင်)၂၇၈၃၁၂ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထွန်း**

### ဖခင်အမည်မှန်
ရေတာရှည်မြို့၊ အ.ထ.က သာဂရ Grade-11(C) မှ မကလျာမို့မို့ဟန်၏ဖခင် အမည်မှန်မှာ ဦးဇေယျာအောင် ၉/တကန(နိုင်)၁၂၃၇၉၈ ဖြစ်ပါကြောင်း။ **ဦးဇေယျာအောင်**

### ပျောက်ဆုံးကြောင်း
ဦးဟိန်းထွဋ်(ဘ)ဦးစိုးချစ် ၁၄/ပသန(နိုင်)၂၅၆၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 660102)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက ပန်းတင်၊ Grade-12 မှ မမေဖူးဇွန်၏ဖခင်အမည်မှန်မှာ ဦးအောင်ကိုမင်း ၇/ကပက(နိုင်) ၀၈၁၀၅၅ ဖြစ်ပါကြောင်း။ **ဦးအောင်ကိုမင်း**

### ပျောက်ဆုံးကြောင်း
ခက်ခက်ဝေ(ဘ)ဦးကြွယ်သန်း(ခ)ပါကြီး ၈/တတက(နိုင်)၂၈၇၂၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ နကုန်းရွာနေ မဆောင်းနှင်းဇင် ၁၄/ငပတ(နိုင်)၂၅၇၇၄၆ ၏ဖခင် ဦးစမ်းချစ်(ခ)ဦးစန်းချစ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစမ်းချစ်(ခ)ဦးစန်းချစ်**

### အမည်မှန်
ပဲခူးမြို့နယ်၊ အထက(ခွဲ)ကတွင်းခြံ၊ Grade-12 မှ ဦးအောင်ကျော်မိုး၏သား မောင်သန့်ဇင်လင်းထက်၏အမည်မှန်မှာ မောင်သန့်စင်လင်းထက် ၇/ပခန(နိုင်)၅၆၂၃၉၃ ဖြစ်ပါကြောင်း။ **မောင်သန့်စင်လင်းထက်**

### ဖခင်အမည်မှန်
ဘီးလင်းမြို့၊ အ.ထ.က(ကန်သာယာ) ကျောင်း၊ Grade-6 မှ မောင်သူရိန်ဦး၏ဖခင် အမည်မှန်မှာ ဦးမောင်ရွှေဝင်း ၁၁/ပဏက(နိုင်) ၀၅၄၀၇၅ ဖြစ်ပါကြောင်း။ **ဦးမောင်ရွှေဝင်း**

### ပျောက်ဆုံးကြောင်း
သန်းသန်းစိုး(ဘ)ဦးမောင်မြင့် ၈/တတက(နိုင်)၂၇၁၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
နန်းခမ်းလီ(ဘ)ဦးဆံမောင် ၁၃/ကမန(နိုင်)၀၆၇၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သင်းသင်း(ဘ)ဦးတုတ်ကြီး ၁၄/မအပ(နိုင်)၁၄၂၀၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### "Frontier 360 (Asia)Co.,Ltd."
### အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲ
### နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

"Frontier 360 (Asia)Co.,Ltd."သည် အစုရှင်များ၏နောက်ဆုံးအစည်းအဝေးကို (၁၀-၉-၂၀၂၆)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီတွင် ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ ဆင်မင်းရပ်ကွက်၊ အခန်းအမှတ် ၄၃၊ ပထမထပ်ရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့်အတူ စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအားအပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

(ဒေါ်မြင့်မြင့်)
ဒေါ်မြင့်မြင့် B.Com, C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

### ပျောက်ဆုံးကြောင်း
စိုးမိုးအောင်(ဘ)ဦးစံမောင် ၅/ကနန(နိုင်)၁၃၇၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရဲဟံဦး(ဘ)ဦးမောင်စိုင်(ခ)မောင်ကြွယ် ၆/မမန(နိုင်)၂၀၃၀၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၁၆၂၇၇၇

### ပျောက်ဆုံးကြောင်း
ဝင့်ဝါဖြိုး(ဘ)ဦးထွန်းရှိန် ၆/မမန(နိုင်)၁၄၆၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 830137)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၁၆၄၉၃၄

### ပျောက်ဆုံးကြောင်း
အောင်မျိုးဇင်(ဘ)ဦးစစ်နိုင် ၈/ပခက(နိုင်)၂၈၅၉၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အောက်ဖော်ပြပါပစ္စည်းများအား ယှဉ်တွဲပါတင်ဒါအမှတ်များအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | 44(T)/ 26-27 | 11-6.6/0.4kV, 200kVA ထရန်စဖော်မာ(၄၉)လုံးနှင့် ထရန်စဖော်မာဆက်စပ်ပစ္စည်းဝယ်ယူခြင်း |

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၈-၉-၂၀၂၆) နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၂-၉-၂၀၂၆)နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## "U M P ENGINEERING & CONSTRUCTION COMPANY LIMITED
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)(က)၊ ပုဒ်မခွဲငယ်(၂)အရ
### အစုရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာချက်"

၁။ U M P ENGINEERING & CONSTRUCTION COMPANY LIMITED ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၈-၉-၂၀၂၆)နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင်(နိုင်ငံသားစိစစ်ရေးအမှတ်-၅/ရဥန(နိုင်)၀၅၂၈၇)အားခန့်ထားရန်ဆုံးဖြတ်ကြပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၇-၁၀-၂၀၂၆)နေ့နောက်ဆုံးထား၍ ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးဝေမင်းမောင်** | **ဦးဇော်လွင်(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)** |
| **(အုပ်ချုပ်မှုဒါရိုက်တာ)** | **အမှတ်(၃၁၃/၃၂၃)၊ အခန်း-၈/စီ၊ (၇)လွှာ၊ Sea Green** |
| **HEPTA ENTERTAINMENT** | **Towen မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊** |
| **COMPANY LIMITED** | **ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** |


မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေ့လမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၄၄၄၄၁၈၆၉၁
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၃၀-၁၁-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက်မကြီးရ။

( ဂ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

( င ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၀-၉-၂၀၂၆ ရက်နေ့မှ ၁-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်)Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ(၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့ (သို့မဟုတ်)သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာတပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


SMART
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
RHINO PORTLAND CEMENT
DOUBLE ELEPHANT PORTLAND CEMENT
BLUE DIAMOND CEMENT PORTLAND CEMENT 50 Kg
မြင်းပျံ PORTLAND CEMENT
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ
စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံကိုယ်ကျိုးရှာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွား လမ်းကြောင်းအား နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်၊ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များဖျက်ဆီးခဲ့သော လမ်း၊ တံတားများအား ပြန်လည်ပြုပြင်တည်ဆောက်

နေပြည်တော် စက်တင်ဘာ ၈

တပ်မတော်စစ်ကြောင်းများက NUG၊ CRPH အကြမ်းဖက်အဖွဲ့များ၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများနှင့် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော ကမမောင်း-ဖာပွန်သွား လမ်းကြောင်းတစ်လျှောက်အား နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သောင်းကျန်းသူ

စာမျက်နှာ ၁၈ ကော်လံ ၄ ❒




တပ်မတော်စစ်ကြောင်းများက ကမမောင်း-ဖာပွန်လမ်းကြောင်းရှိ ကျေးရွာများအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

# စက်တင်ဘာလ ၉ ရက်မှ ၁၂ ရက်အတွင်း မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၈

ယနေ့ နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာလ ၉ ရက်မှ ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊

စာမျက်နှာ ၁၇ ကော်လံ ၃ ○

## ကာလီ(၁)ကြိုးပြင်ကာကွယ်တောသတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ်၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်အတွင်း ကျရောက်နေသည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ❖

## ရန်ကုန်ယူနိုက်တက်အသင်းက လာအိုကလပ် EZRA FC အသင်းအား ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၈

AFC CHALLENGE LEAGUE 2026/ 2027 ပြိုင်ပွဲ ခြေစစ်ပွဲ ပွဲစဉ်အဖြစ် မြန်မာအမျိုးသားကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် လာအိုအမျိုးသားကလပ် EZRA FC အသင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ●



ယနေ့ဖတ်စရာ

တီးတိန်မြို့မှ ပျက်စီးနေအိမ်များအတွက် အမိုးသွပ်၊ သွပ်ရိုက်သံနှင့် ဘိလပ်မြေအိတ်များ ထောက်ပံ့ပေးအပ်

စာ - ၇ သို့

မြစ်ကြီးနားမြို့အဝင် ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကုန်စစ်ဆေးရေးစခန်း ဖွင့်လှစ်ထားရှိ

စာ - ၇ သို့

အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၂ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

စာ - ၁၂ သို့

## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား(၄)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များနှင့်ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၈

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ

စာမျက်နှာ ၂၆ ကော်လံ ၅ ○